The Mirror

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့ (11-9-2008) (၅၇၉၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ဧက ၉၀ ရာခိုင်နှုန်းကျော် ပြန်လည်စိုက်ပျိုးနိုင်ခဲ့ ငါးဖမ်းလှေနှင့်ငါးဖမ်းပိုက်တို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ရာ ရေလုပ်ငန်းသမားများလည်း လုပ်ငန်းခွင်ဝင်နေ ဆားလုပ်ငန်းအတွက် ကွင်းပတ်တာများ၊ ဆားကန်များ၊ ကန်သင်းများ အောက်တိုဘာလခန့်တွင် စတင်လုပ်ရမည်

နေပြည်တော် စက်တင်ဘာ ၁၀

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယမန်နေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းအတွင်းရှိ မုန်တိုင်းသင့်ဒေသများ၏ ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လေဘေးသင့်၍ ပျက်စီးသွားသော ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဗဟိုကော်မတီဝင်များ၊ ဆားလုပ်ငန်းစခန်းများ ပြန်လည်ထူထောင်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘဏ်လုပ်ငန်းများမှ တာဝန်ရှိသူများနှင့် မုန်တိုင်းသင့်ဒေသများမှ ပုဂ္ဂလိကဆားလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ၂၀၀၈ ခုနှစ် မေ ၂ ရက်နှင့် ၃ ရက်တို့တွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းခုနစ်မြို့နယ်နှင့် ရန်ကုန်တိုင်း မြို့နယ် ၄၀ တို့၌ ပြည်သူများ အသက်အိုးအိမ် စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအနေဖြင့် မုန်တိုင်းသင့်ဒေသအတွင်း ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်အတွက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

အမှာစကား ပြောကြား

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတိုင်းအတွင်းရှိ မုန်တိုင်းသင့်ဒေသများ၏ ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ သတင်း၊ဆောင်းပါး အညွှန်း

❐ အီရတ်နှင့် အာဖဂန်နစ္စတန် စစ်ဘေးဒုက္ခမြင်ကွင်းများ (သတင်း) စာမျက်နှာ-၃

❐ ချစ်နိုင်(စိတ်ပညာ)၏ (ဆောင်းပါး) စာမျက်နှာ-၆

❐ ပြည်တွင်းအားကစားသတင်းများ စာမျက်နှာ-၁၁

ထူးကဲဒီရေတက်မည်

ရန်ကုန် စက်တင်ဘာ ၁၀

စက်တင်ဘာ ၁၅ ရက်မှ စက်တင်ဘာ ၂၀ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁၅ ပေခန့်မှ ၂၁ ဒသမ ၂၀ ပေခန့်အထိ ထူးကဲဒီရေတက်မည်ဖြစ်ကြောင်း ယခင် ၂၀၀၆-၂၀၀၇ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၇ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေး အကြောင်းကြားထားသည်။ (သတင်းစဉ်)

အတည်ပြုချိန် ၃း၁၀

ကြေးမုံ
The Mirror
၁၁-၉-၂၀၀၈
(ကြာသပတေးနေ့)

ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဗန်းပြလှုပ်ရှားမှုများ ဆန့်ကျင် အကြမ်းဖက် အဖျက်လုပ်ရပ်များ ကာကွယ်တားဆီး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၈)ကို စက်တင်ဘာလ ၇ ရက်နေ့က နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ရွှေပြည်သာမြို့နယ် ဗုံးပေါက်ကွဲမှုဖြစ်စဉ်၊ ဖော်ထုတ်ဖမ်းဆီးရမိမှု အခြေအနေနှင့် နိုင်ငံတော်အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေကြသည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်လှုပ်ရှားဆောင်ရွက်မှု ဖြစ်စဉ်ဖြစ်ရပ် ပကတိအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး အနာဂတ်တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိသည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်၍ အဆင့်လိုက် အကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတော်သစ်နှင့် လျော်ညီသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပေးနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးစီမံကိန်းများကို ချမှတ်ဖော်ဆောင်လျက်ရှိရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကဏ္ဍအလိုက် အောင်မြင်မှုများ ရရှိနေသည်။ ပြည်သူအားလုံး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်သည်။

ယင်းသို့သော အခြေအနေတွင် နိုင်ငံတော်ကို ဆန့်ကျင်နေသည့် ပြည်တွင်းပြည်ပ အကြမ်းဖက် အဖွဲ့အစည်းများက ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး လှုပ်ရှားမှုမျက်နှာဖုံးတပ်ပြီး ပြည်တွင်းဆူပူရေး၊ ဖောက်ခွဲဖျက်ဆီးရေး အဖျက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။ ယင်းသို့ ဆူပူလှုပ်ရှားလိုသူတို့၏ လုပ်ရပ်များကြောင့် ဗုံးပေါက်ကွဲမှု အချို့ ဖြစ်ပွားခဲ့သော်လည်း ပြည်သူတို့၏ ပူးပေါင်းကူညီမှုဖြင့် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်နိုင်ခဲ့သည်။

လူ့အခွင့်အရေးကို အရေခြုံဗန်းပြ လှုပ်ရှား ဆောင်ရွက်နေကြသည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဖောက်ခွဲဖျက်ဆီး အကြမ်းဖက်လုပ်ဆောင်သူများကြောင့် ရိုးသားစွာ လုပ်ကိုင်စားသောက်နေကြသည့် အပြစ်မဲ့ပြည်သူများ သေကျေထိခိုက်ဒဏ်ရာ ရရှိခဲ့ကြရသည်။

ယနေ့အချိန်အခါတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲလာမှုနှင့်အတူ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုများ ဖြစ်ထွန်းနေပြီဖြစ်ရာ တိုင်းရင်းသား ပြည်သူများအားလုံးက မိမိတို့၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံမှုကို ခြိမ်းခြောက်လာသည့် ဆူပူလှုပ်ရှားအကြမ်းဖက်အဖျက်လုပ်ရပ် ဟူသမျှကို သတိတရားဖြင့် ရှုမြင်ကာကွယ် တားဆီးဖော်ထုတ်သွားကြရမည် ဖြစ်ပါသည်။ ။

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်(အရှေ့ပိုင်း)ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးအေးမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းအသင်းအတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊ တိုင်းအလုပ်အမှုဆောင် ဦးတင်အောင်နှင့် ဦးတင်လှိုင်၊ ရန်ကုန် အရှေ့ပိုင်းခရိုင် တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် တာဝန်ရှိသူတို့က အလှူရှင်များ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများ၊ ၂၀၀၇-၂၀၀၈ခုနှစ် မြို့နယ်အတွင်းရှိ အောင်ချက် အကောင်းဆုံးကျောင်းများ၊ ဂုဏ်ပြုထိုက်သူများအား ဆုများ အသီးသီး ချီးမြှင့်ကြသည်။

ထို့နောက်အခမ်းအနား(ဒုတိယပိုင်း)တွင် သဘာပတိအဖြစ် အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်က ဆောင်ရွက်ကာ မြို့နယ်အသင်း အလုပ်အမှုဆောင်အဖွဲ့၏ရေးရာအလိုက် အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းပြီး အကြံပြုသုံးသပ်ကြရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးဇော်လင်းက ကဏ္ဍအလိုက်ပြန်လည် ရှင်းလင်းဖြေကြားသည်။ ယင်းနောက် အတည်ပြုခြင်း တစ်ရပ်၊ဆုံးဖြတ်ချက်နှစ်ရပ်၊မှတ်တမ်းတင်ခြင်းသုံးရပ် ချမှတ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရဲတပ်ဖွဲ့ဝင်များအားဂုဏ်ပြုပွဲ တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ရန်ကုန်တိုင်းအတွင်း လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အားပေးသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က အမှာစကားပြောကြား၍ ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုငွေနှင့် ကွန်ပျူတာတစ်လုံးတို့ကို ပေးအပ်ချီးမြှင့်ရာ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်က လက်ခံသည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အတွက် ဂုဏ်ပြုဆုငွေကို ပေးအပ်ချီးမြှင့်ရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က လက်ခံ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ မြို့တော်ဝန်နှင့် ဧည့်သည်များသည် ဖော်ထုတ်ဖမ်းဆီးရမိသော တရားခံများ၏ ကိုယ်ရေးအချက်အလက်နှင့် မှတ်တမ်းဓာတ်ပုံများ၊ သိမ်းဆည်းရမိသော ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တိုင်းအတွင်း လုံခြုံရေး၊ ရပ်ရွာ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုငွေနှင့် ကွန်ပျူတာတစ်လုံးကိုရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်ထံ ပေးအပ်စဉ်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်ထံ လေဘေးသင့် ပြည်သူများအတွက် အလှူရှင် TUNN STAR Co., Ltd (Sole Distributor of PTT Lubricants)မှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်နိုင်ထွန်းနှင့် ဒါရိုက်တာ ဒေါ်လင်းလင်းထွန်းတို့က ငွေကျပ်၁၇သိန်း ငါးသောင်း တန်ဖိုးရှိ ထီးအလက် ၅၀၀ နှင့် Ha Hi Golf Club, Bangkok Thailand မှ ငွေကျပ် ၃၅သိန်း တန်ဖိုးရှိ ထီးအလက် ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းစဉ်။

(လူမှုဝန်ထမ်း)

လေဘေးသင့် ပြည်သူများအတွက် ထီးများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၀

လေဘေးသင့် ပြည်သူများအတွက် စေတနာရှင် ပြည်သူများက နေ့စဉ် လှူဒါန်းလျက်ရှိရာ ယမန်နေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန (ရုံးချုပ်) ရှိ မေခလာခန်းမသို့အလှူရှင် TUNN STAR Co.,Ltd (Sole Distributor of PTT Lubricants) က ကျပ် ၁၇ ဒသမ ၅ သိန်း တန်ဖိုးရှိ ထီးအလက် ၅၀၀ နှင့် Ha Hi Golf Club, Bangkok Thailand က ငွေကျပ် ၃၅ သိန်း တန်ဖိုးရှိ ထီးအလက် ၁၀၀၀ ကို TUNN STAR Co.,Ltd (Sole Distributor of PTT Lubricants) မှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်နိုင်ထွန်းနှင့် ဒါရိုက်တာ ဒေါ်လင်းလင်းထွန်း တို့က ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၈)တွင် ကန်နောက်ရပ်ကွက် ဟာဂျီ ဦးကျော်ဝင်းက ခြင်ဆေးမှုတ်စက်တစ်လုံး လှူဒါန်းရာ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့် လက်ခံစဉ်။ (သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်း ကာကွယ်ရေးဝန်ကြီးဌာနရှိ ရုံး၊ ဌာန အသီးသီးမှ အရာရှိ၊ အရာခံ၊အကြပ်၊ စစ်သည်များ၏ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၏ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနရှိ ရုံး၊ဌာနအသီးသီးမှ အရာရှိ၊ အရာခံ၊အကြပ်၊စစ်သည်များ၏ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်စစ်သားရိပ်သာ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနရှိ ရုံး၊ ဌာန အသီးသီးမှ အရာရှိ၊ အရာခံ၊အကြပ်၊ စစ်သည်များ ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုကြသည်။

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် တာဝန်ရှိသူများက တက်ရောက်ကြည့်ရှု အားပေးကြသည်။ ပြိုင်ပွဲတွင် အရာရှိအဆင့် ၃၈ ဦး၊ အရာခံအဆင့် ၅၄ ဦး၊ အကြပ်အဆင့် ၆၃ ဦး၊ တပ်သားအဆင့် ၃၂ ဦး စုစုပေါင်း ၁၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၁၀)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကုဆရာဝန်များ၏ နှစ်ပတ်လည်ညီလာခံ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့၏ (၁၀)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံကို နယ်မှ အထွေထွေရောဂါကုဆရာဝန်များ ပါဝင်တက်ရောက်နိုင်ရန်အတွက် ပြည်နယ်နှင့်တိုင်း မြို့ကြီးများ၌ အလှည့်ကျကျင်းပလျက်ရှိရာ နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဧရာဝတီတိုင်း ပုသိမ်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

ယင်းညီလာခံ၌ ပါမောက္ခကြီးများ၊ ဝါရင့်သမားတော်ကြီးများနှင့် တိုင်းအထူးကု ဆရာဝန်ကြီးများမှ ဟောပြောပို့ချ ဆွေးနွေးမည်ဖြစ်ပြီး ဆေးကုမ္ပဏီများမှ နောက်ဆုံးပေါ်ဆေးနှင့် ဆေးပစ္စည်းပြခန်းများ ဖွင့်လှစ်ပြသမည်ဖြစ်သည်။ သို့အတွက် ဆေးကုမ္ပဏီများမှဆေးပြခန်းများ၌ ပါဝင်ခင်းကျင်းပြသလိုပါက ဥက္ကဋ္ဌ ဒေါက်တာကြည်ဖေ (အရိုးကု) ဖုန်း-၀၄၂-၂၄၂၉၂၊အတွင်းရေးမှူး ဒေါက်တာစစ်တင်(အထွေထွေရောဂါကု) ဖုန်း-၀၄၂-၂၄၄၂၅ နှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာမင်းဆောင်(အထွေထွေရောဂါကု) ဖုန်း-၀၄၂-၂၅၂၉၀ နှင့် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးသောင်းထွန်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၁

နယ်သာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသောင်းထွန်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၈ခုနှစ် ဩဂုတ် ၂၇ ရက်တွင် သည်ဟိဂ်မြို့၌ နယ်သာလန်နိုင်ငံ ဘုရင်မ ဘီယက်ထရစ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

အီရတ်နှင့် အာဖဂန်နစ္စတန်

စစ်ဘေးဒုက္ခမြင်ကွင်းများ

အာဖဂန်နစ္စတန်၌ အမေရိကန်နှင့်နေတိုးတပ်ဖွဲ့ လေကြောင်းတိုက်ခိုက်မှု အာဖဂန်ပြည်သူများ နိုင်ငံစုံတပ်ဖွဲ့ကို ပိုမိုဆန့်ကျင်

ဝါရှင်တန် စက်တင်ဘာ ၉

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၆ခုနှစ်မှစ၍ အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သား ၅၀၀ကျော် သေဆုံးကြောင်း၊ ယင်းသို့သေဆုံးရမှုကြောင့် ပြည်သူများက နိုင်ငံစုံတပ်ဖွဲ့၏ စစ်ရေးလှုပ်ရှားမှုကို ပိုမိုဆန့်ကျင်လာစေမှာဖြစ်ကြောင်း ထင်ရှားသောလူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

နယူးယောက်မြို့၌ အခြေစိုက်သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည့် လူ့အခွင့်အရေး စောင့်ရှောက်မှုအဖွဲ့က လူစည်ကားသောဒေသများအတွင်း တာလီဘန်နှင့် အယ်လ်ခိုင်ဒါ စစ်သွေးကြွများက လူသားဒိုင်းအဖြစ် ဖန်တီးနေမှုကြောင့် အရပ်သားအချို့ သေဆုံးရခြင်းကို ပြစ်တင်ဝေဖန်လိုက်သည်။

သို့သော်လည်း အရပ်သားအများအပြားသည် အမေရိကန်နှင့် နေတိုးတပ်ဖွဲ့များ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူ အရေအတွက်ထက် အသေခံဗုံးများနှင့် အခြားစစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် သေဆုံးရသူ အရေအတွက်က နှစ်ဆခန့်ပိုကြောင်း ၎င်းအဖွဲ့ကတနင်္လာနေ့တွင် အစီရင်ခံစာထုတ်ပြန်ခဲ့သည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် ၂၀၀၁ခုနှစ် အောက်တိုဘာလတွင် အမေရိကန် စတင်သည့် စစ်ပွဲ၌ အာဖဂန်အရပ်သား သေဆုံးသူအရေအတွက်မှာ ၂၀၀၆ ခုနှစ်၌ ၉၂၉ ဦးရှိရာမှ ၂၀၀၇ ခုနှစ်တွင် သေဆုံးသူ ၁၆၃၃ဦးထိ တိုးမြင့်လာကြောင်း လူ့အခွင့်အရေး စောင့်ရှောက်မှုအဖွဲ့က ဖော်ပြသည်။ ယခုနှစ် ပထမ ခုနစ်လအတွင်း အရပ်သား ၅၄၀ ခန့် သေဆုံးကြောင်းလည်း ဖော်ပြသည်။

အင်တာနက်။

အမေရိကန်၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အာဖဂန်ကလေးများ သေဆုံးပုံ ဗီဒီယိုမှတ်တမ်းပြုစုထား

ကဘူး(အာဖဂန်နစ္စတန်) စက်တင်ဘာ ၉

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန် ဦးဆောင်သည့် လေကြောင်းမှ စီးနင်းတိုက်ခိုက်မှု၏ အကျိုးဆက်ကြောင့် အရပ်သား ၉၀ သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂအဖွဲ့နှင့် အာဖဂန်အစိုးရက ပြောကြားသည်။ သေဆုံးခဲ့သော ကလေးများ၏ ရုပ်အလောင်းများကို ဗီဒီယိုနှစ်ခွေစာဖြင့် ရိုက်ကူးဖော်ပြထားသည်။

အသေးစိတ်ရရှိနိုင်သော ရုပ်အလောင်းများကို ဆဲလ်ဖုန်းဖြင့် ဗီဒီယိုရိုက်ကူးခဲ့သည်။ ဒုတိယအခွေတွင် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ကလေးရုပ်အလောင်းများကို ရိုက်ကူးထားသည်။

အဇီဇာဘက်ရွာကို ဩဂုတ် ၂၂ ရက်က အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ ဝင်ရောက်စီးနင်းမှုကြောင့် အမျိုးသမီး ၁၅ ဦးနှင့် ကလေး ၆၀ အပါအဝင် အရပ်သားများ သေဆုံးခဲ့ရသည်။ အဆိုစီအိုင်တက် သတင်းစုကရရှိခဲ့သော ဗီဒီယိုမှတ်တမ်းနှစ်ခုတွင် အာဖဂန်နှင့် ကုလသမဂ္ဂအဖွဲ့တို့မှ ရှာဖွေတွေ့ရှိထားသည့် ရုပ်အလောင်းများ၏ပုံကို အသားပေး ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၏ ထောက်လှမ်းစုံစမ်းချက်တွင် ခုနစ်ဦးသာ သေဆုံးမှုရှိသည်ကို တွေ့ရှိခဲ့ရသည်။ သို့သော် သက်သေ အထောက်အထားသစ်ပေါ်ထွက်လာသည့်အတွက် ထိုကိစ္စကို ထပ်မံစုံစမ်းမှုပြုလုပ်မည်ဟု အမေရိကန်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။ ***အင်တာနက်။***

အီရတ်တွင် တိုက်ခိုက်မှုဖြစ်ပွား ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် စက်တင်ဘာ ၈ ရက်က အစိုးရယာဉ်တန်းနှင့် လက်နက်ကိုင်များအကြား အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အမျိုးသမီးတစ်ဦးအပါအဝင် အနည်းဆုံး ခြောက်ဦး သေဆုံးခဲ့ကြောင်း လုံခြုံရေးအရာရှိများက ပြောကြားသည်။

ပြန်လည်နေရာချထားရေးနှင့်ကယ်ဆယ်ရေးဝန်ကြီး အက်ဒယ်ဆာမက်ရာမန်၏ အစောင့်တပ်ဖွဲ့ဝင်များပါသည့် ယာဉ်တန်းစုသည် ဘဂ္ဂဒက်မြို့၏ ယခင်က လေတပ်အခြေစိုက်စခန်းဟောင်းအနီးတွင် လက်နက်ကိုင်အဖွဲ့များနှင့် အပြန်အလှန် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

အခင်းဖြစ်ပွားချိန်တွင် အဆိုပါယာဉ်တန်းစု၌ ဝန်ကြီး လိုက်ပါလာခြင်းမရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှအရာရှိတစ်ဦးက ပြောကြားသည်။

ထိုသို့ အပြန်အလှန်ပစ်ခတ်မှုတွင် အမျိုးသမီးတစ်ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောကြားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးနေသည့် ယာဉ်ကို စက်တင်ဘာ ၉ ရက်က တွေ့ရစဉ်။

၂၀၀၉ ခုနှစ်တွင် အာရှ၏အကြီးမားဆုံးသော စားသုံးသူဈေးကွက် တရုတ် ဖြစ်လာမည်

စီယာမင်း   စက်တင်ဘာ   ၉

တရုတ်နိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် အာရှတိုက်၌ အကြီးမားဆုံးသော စားသုံးသူဈေးကွက်ကြီး ဖြစ်လာမည်ဟု တရုတ်ကုန်သွယ်ရေးဝန်ကြီး ချန်ဒဲမင်က ပြောကြားသည်။

ဖူကျန့်ပြည်နယ် အရှေ့ပိုင်း စီယာမင်းမြို့၌ ကျင်းပသော (၁၂) ကြိမ်မြောက် နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် ဝန်ကြီးချန်က ဖျော်ဖြေရေး၊ အိမ်ရာဆောက်လုပ်ရေးနှင့် ခရီးသွားလုပ်ငန်းတို့သည် ပြည်တွင်းဈေးကွက်တွင် ကျယ်ပြန့်လာမည်ဖြစ်သည်ဟု ခန့်မှန်းပြောကြားသွားသည်။

ကမ္ဘာပေါ်တွင် စားသုံးသူဈေးကွက် အမြန်ဆုံးကြီးထွားလာနေသော တရုတ်နိုင်ငံသည် မိုဘိုင်းဖုန်းရောင်းဝယ်ရေး၊ ပြည်တွင်းခရီး သွားလာရေးနှင့် အင်တာနက်သုံးစွဲရေးတို့တွင် ထိပ်ဆုံး၌ ရှိနေသည်ဟု ချန်က ဆက်လက်ပြောကြားသည်။

တရုတ်နိုင်ငံသည် ရွှေရောင်းဝယ်မှုနှင့် မော်တော်ယာဉ် သုံးစွဲမှုတို့တွင် ဒုတိယအများဆုံးနိုင်ငံ ဖြစ်သည်ဟုဆိုသည်။ ဇိမ်ခံပစ္စည်းများနှင့် ကျန်းမာရေးအထောက်အကူပြုကိရိယာများ ဝယ်ယူသုံးစွဲရာတွင်လည်း ကမ္ဘာတွင် တတိယအများဆုံးနိုင်ငံဖြစ်သည်ဟု ဝန်ကြီးက ထပ်မံပြောဆိုသည်။

လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း တရုတ်နိုင်ငံ နှစ်စဉ်စားသုံးမှုတိုးတက်နှုန်းသည် ၁၃ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည်။ ထိုတိုးတက်မှုနှုန်းသည် ၁၀ ရာခိုင်နှုန်းရှိနေလျှင်ပင် တရုတ်နိုင်ငံ၏ စားသုံးမှု ဈေးကွက်သည် ၂၀၂၀ ပြည့်နှစ်ခန့်တွင် ယွမ် ၃၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၈ ထရီလီယံ) ကျော်လွန်သွားမည်ဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖလော်ရီဒါပြည်နယ် မြောက်ပိုင်း၌ ဟာရီကိန်း အိုင်ကီမုန်တိုင်း တိုက်ခတ်နေသည်ကို စက်တင်ဘာ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရားမဝင် ဝင်ရောက်သူ ၆၄ ဦးကို မက္ကဆီကို၌ ဖမ်းဆီး

မက္ကဆီကိုစီးတီး   စက်တင်ဘာ   ၉

မက္ကဆီကိုနိုင်ငံ ချီရာပက်ပြည်နယ် အရှေ့တောင်ပိုင်းတွင် အီကွေဒေါနှင့် အလယ်ပိုင်း အမေရိကနိုင်ငံများမှ တရားမဝင် ဝင်ရောက်လာသူ ၆၄ ဦးအား မက္ကဆီကိုနိုင်ငံ ဗဟိုထောက်လှမ်းရေးက ဖမ်းဆီးခဲ့ကြောင်း မက္ကဆီကိုအမျိုးသားလူဝင်မှုကြီးကြပ်ရေးအဖွဲ့(အိုင်အင်အမ်)က တနင်္လာနေ့တွင် ပြောကြားသည်။

ချီရာပက်ပြည်နယ်နှင့် ထိစပ်လျက်ရှိသော ဂွါတီမာလာနိုင်ငံနယ်စပ်ရှိ အိုကိုဇိုကူအော့တာ- လက်ချီရာပက်အဝေးပြေးလမ်း၌ စက်တင်ဘာ ၇ ရက်က ထိန်းသိမ်းခဲ့ရသူများမှာ ကုန်တင်ယာဉ်ဖြင့် လိုက်ပါလာသည့် အီကွေဒေါမှ ၁၀ဦး၊ ဂွါတီမာလာမှ ၄၈ ဦးနှင့် အယ်ဆာဗေဒိုမှ ခြောက်ဦးတို့ဖြစ်သည်။

မက္ကဆီကိုနိုင်ငံ၌ ယခုနှစ်အတွင်း လက်တင်အမေရိကမှ တရားမဝင်ရောက်ရှိလာသူ အနည်းဆုံး ၈၀၀ အနက် ဂွါတီမာလာနှင့် အယ်ဆာဗေဒိုနိုင်ငံတို့မှ အများဆုံး ဖမ်းဆီးခံရသူများဖြစ်ကြောင်း စာရင်းဇယားများအရ သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗာနွာတူးတွင် လျှောင်လှုပ်

ဝယ်လ်လင်တန် စက်တင်ဘာ ၉

တောင်ပိုင်း ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သော ဗာနွာတူးနိုင်ငံ၏ ကမ်းခြေ၌ စနေနေ့စောစောပိုင်းက ပြင်းအားရစ်ချ်တာစကေး ၇ ဒသမ သုညရှိ လျှောင်လှုပ်သွားကြောင်း အမေရိကန်ဘူမိဗေဒလေ့လာရေးအဖွဲ့က သတင်းပေးသည်။

ပစိဖိတ်ဒေသ ဆူနာမီသတိပေးဌာနက ဆူနာမီသတိပေးမှု ပြုလုပ်ခြင်းမရှိပေ။ အပျက်အစီး ဆုံးရှုံးမှုသတင်းများကိုလည်း မရရှိသေးကြောင်း သိရသည်။

ဗဟိုပြု

လျှောင်သည် စက်တင်ဘာ ၉ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီ ၅၂ မိနစ်တွင် ဗာနွာတူးမြောက်ပိုင်း စန်တိုကျွန်းမှ လူဂန်ဗယ်လီ၏မြောက်ဘက် ၂၂၅ ကီလိုမီတာအကွာ ပင်လယ်ကြမ်းပြင်အောက် ၁၂၁ ဒသမ ၈ ကီလိုအနက်ကို ဗဟိုပြု၍ လှုပ်ခတ်ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်သမ္မတအဖြစ် ဇာဒါရီ ကျမ်းသစ္စာကျိန်ဆို

အစ္စလာမ္မာဘတ်   စက်တင်ဘာ   ၉

ပါကစ္စတန်ပြည်သူ့ပါတီ(ပီပီပီ) ပူးတွဲဥက္ကဋ္ဌ အဇစ်အလီဇာဒါရီသည် စက်တင်ဘာ ၉ ရက်က အစ္စလာမ္မာဘတ်မြို့၌ ပါကစ္စတန်နိုင်ငံသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုကြောင်း၊ ၎င်းသည် ငါးနှစ်တာသက်တမ်းရှိ သမ္မတရာထူးတွင် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

အစ္စလာမ္မာဘတ်မြို့ရှိ သမ္မတအိမ်တော် အီဝန်အီဆာဒါ၌ တရားသူကြီးချုပ် အဗ္ဗဒူဟာမက်ဒိုဂျာ ရှေ့မှောက်တွင် သမ္မတသစ်က ကျမ်းသစ္စာကျိန်ဆိုခြင်းဖြစ်သည်။

အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲကို အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းလည်း တက်ရောက်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံ ကင်ဒါဟာပြည်နယ်တွင် အသေခံဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာ၏ အပျက်အစီးများကို စက်တင်ဘာ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အကူအညီပေးရေးဝန်ထမ်းများ စစ်ဖြစ်ပွားသည့်နယ်မြေမှ ထွက်ခွာရန် သီရိလင်္ကာအစိုးရ အမိန့်ထုတ်

ကိုလံဘို စက်တင်ဘာ ၉

သီရိလင်္ကာအစိုးရက နိုင်ငံမြောက်ပိုင်းစစ်ပွဲဖြစ်ပွားသည့်နယ်မြေမှထောက်ပံ့ရေးဝန်ထမ်းများကို စက်တင်ဘာ ၈ ရက်တွင် ထွက်ခွာကြရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ခွဲထွက်ရေးသမား တမီလ်ကျားသူပုန်များ ကြီးစိုးထားသောနယ်မြေအတွင်း တိုက်ပွဲများတိုး၍ ဖြစ်ပွားလာမှုကြောင့် ၎င်းတို့၏ လုံခြုံရေးကို တာဝန်ယူနိုင်မည်မဟုတ်ကြောင်း ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီး ဂိုတာဘာရာရာဂျာပဲ့ခ်စီးက စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် လူသားချင်းစာနာထောက်ပံ့ရေး အဖွဲ့ခေါင်းဆောင်များကို ဖော်ပြပါအမိန့်အား အကြောင်းကြားခဲ့သည်။

လူသားချင်းစာနာ ထောက်ပံ့ရေးအဖွဲ့မှ ယင်းအမိန့် ထုတ်ပြန်မှုနှင့်ပတ်သက်၍ တုံ့ပြန်ပြောကြားခြင်းမရှိကြောင်း သိရသည်။

နှစ်နှစ်ကြာ တိုက်ခိုက်မှုများဖြစ်ပွားနေခြင်းကြောင့် ပြည်သူ ၁၀၀၀၀၀ ကျော် အိုးအိမ်ပစ်ထွက်ပြေးခဲ့ရသည်။ ပြင်သစ်နိုင်ငံ အကူအညီပေးရေးအဖွဲ့ဖြစ်သော အာဟာရချို့တဲ့မှုတိုက်ဖျက်ရေး လှုပ်ရှားမှုအဖွဲ့မှ ထောက်ပံ့ရေးဝန်ထမ်း ၁၇ ဦး အစုလိုက် အပြုံလိုက် သတ်ဖြတ်ခံခဲ့ရသည်။ ၂၀၀၆ ခုနှစ် ဩဂုတ်လ ကဲ့သို့သော အဖြစ်မျိုး ထပ်မံဖြစ်ပွားမှု မရှိစေရန် ရှောင်လွှဲနိုင်ရေး ကြိုးပမ်းခြင်းပင်ဖြစ်ကြောင်း အစိုးရက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အိုင်ကီမုန်တိုင်း မက္ကဆီကိုသို့ ဦးတည် ကျူးဘားတွင် လေးဦး သေဆုံး

ဟာဗားနား စက်တင်ဘာ ၉

ဟာရီကိန်းမုန်တိုင်း အိုင်ကီသည် ကျူးဘားနိုင်ငံတောင်ပိုင်း လူဦးရေထူထပ်သော မြို့တော်ဟာဗားနားကို ဝင်ရောက်မွှေနှောက်ရာ အိုးအိမ်အဆောက်အအုံများ ပျက်စီးပြီး အနည်းဆုံး လေးဦး သေဆုံးခဲ့ရသည်။ ထို့အပြင် ပြည်သူ ၁ ဒသမ ၂ သန်းကိုလည်း ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ယခုအခါ ယင်းမုန်တိုင်းသည် အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်နှင့် မက္ကဆီကို မြောက်ပိုင်းဆီသို့ ဦးတည်ရွေ့လျားလျက်ရှိသည်။

မုန်တိုင်းသည် ဟာဗားနားမြို့ကို လေဟုန်ပြင်းပြင်းနှင့် တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းသည့်အတွက် အင်္ဂါနေ့နံနက်ပိုင်း လမ်းမများပေါ်တွင် ကားနှင့် လူများမှာ ရှင်းလင်းနေသည်။

မုန်တိုင်းအန္တရာယ် ကယ်တင်သည့် အတွေ့အကြုံရှိပြီးဖြစ်သော ကျူးဘားနိုင်ငံသည် စုစုပေါင်း လူဦးရေ၏ ၁၀ ပုံ တစ်ပုံခန့် ရှိသော ထောင်ပေါင်းများစွာသော ပြည်သူများကို ဆွေမျိုးများ၊ မိတ်ဆွေများထံ လုံခြုံစွာနေထိုင်ရန် သို့မဟုတ် အစိုးရအဆောက်အအုံများတွင် ခိုလှုံနေရန် နိုင်ငံပိုင်ရုပ်မြင်သံကြားက ကြေညာခဲ့သည်။

အစိုးရက ကျောင်းများ၊ ရုံးများကို ပိတ်ထားရန် အမိန့်ထုတ်ခဲ့သည်။ လူများသည်နေအိမ်များ၊ တံခါးပေါက်များကို ပိုမိုခိုင်ခံ့ရန် ပြင်ဆင်ထားကြသည်။ မုန်တိုင်းကာလအတွင်း စားသုံးရန် ဈေးဆိုင်များတွင် ဝယ်သူအများအပြား တန်းစီစောင့်ဆိုင်းနေကြရသည်ကို မုန်တိုင်းမကျမီက တွေ့ကြရသည်။

နိုင်ငံပိုင်ရုပ်မြင်သံကြားက အိုင်ကီမုန်တိုင်းကြောင့် လေးဦး သေဆုံးကြောင်း အသံလွှင့်သွားသည်။ အမျိုးသားနှစ်ဦးမှာ အိမ်ခေါင်မိုးပေါ် တက်၍ အင်တာနာရွှေ့ပြောင်းရန် ကြိုးစားခြင်းကြောင့်လည်းကောင်း၊ အမျိုးသမီးတစ်ဦးမှာ ၎င်း၏အိမ်ပြိုကျခြင်းကြောင့်လည်းကောင်း၊ အခြားအမျိုးသားတစ်ဦးမှာ သစ်ပင်ပြိုလဲရာမှ ပိမိ၍လည်းကောင်း သေဆုံးရသည်ဟု ဆိုသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

တရုတ်နိုင်ငံမြောက်ပိုင်း တာယိုရှီမြို့တွင် ရွှံ့နွံများပြိုကျမှု ဖြစ်ပွားမှုကြောင့် ပျက်စီးနေသော ယာဉ်တစ်စီးကို စက်တင်ဘာ ၁၀ ရက်က တွေ့ရစဉ်။ *[ယင်းသို့ဖြစ်ပွားမှုကြောင့် သေဆုံးသူ ၁၂၈ ဦးထိ တိုးမြင့်လာသည်။]*

(ဓာတ်ပုံ-အင်တာနက်)

ကာရေဘီယံပင်လယ်ဒေသသို့ ရုရှားနျူကလီးယား စစ်သင်္ဘော စေလွှတ်မည်

မော်စကို စက်တင်ဘာ ၉

ရုရှားနိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံနှင့်ရေတပ်စစ်ရေးလေ့ကျင့်မှုပူးပေါင်းဆောင်ရွက်ရန်အတွက် နျူကလီးယားစွမ်းအင်သုံး စစ်သင်္ဘောကို ကာရေဘီယံပင်လယ်သို့ စေလွှတ်မည်ဖြစ်ကြောင်း စက်တင်ဘာ ၈ ရက်က ထုတ်ပြန်သည်။ စစ်အေးကာလပြီးဆုံးပြီးနောက်ပိုင်း အမေရိကန်နိုင်ငံအနီးရေပြင်သို့ ရုရှားစစ်သင်္ဘော စေလွှတ်ရန် အစီအစဉ်သည် ပထမဆုံးအကြိမ်ပင်ဖြစ်သည်။

ပင်လယ်နက်အတွင်းရှိအမေရိကန်စစ်သင်္ဘောများရောက်နေခြင်းနှင့် ရုရှားနိုင်ငံ ရေတပ်ဖွဲ့သင်္ဘောများ စေလွှတ်သည့်ကိစ္စသည်ဆက်စပ်မှုမရှိဟု ရုရှားနိုင်ငံတာဝန်ရှိသူများက ပြောကြားသည်။ သို့သော် ဂျော်ဂျီယာနိုင်ငံပဋိပက္ခတွင်ရုရှားနှင့်အမေရိကန်ကြားတင်းမာမှု ကြီးထွားနေချိန်တွင် ယခုကိစ္စပေါ်ပေါက်လာခြင်း ဖြစ်သည်။

ဂျော်ဂျီယာတောင်ပိုင်း ရေပြင်သို့ အမေရိကန် စစ်ရေယာဉ်နှစ်စင်းနှင့် ထိန်းချုပ်ရေး သင်္ဘောတစ်စင်းကို စေလွှတ်ခြင်းနှင့် ပတ်သက်၍ ရုရှားနိုင်ငံက အမေရိကန်နိုင်ငံကို ပြစ်တင်ဝေဖန်ခဲ့သည်။ ဂျော်ဂျီယာသို့ ရုရှားတပ်ဖွဲ့များစေလွှတ်ပြီးနောက် သမ္မတမီခေးလ်ဆာကတ်ချ်ဗီလီကို အားပေးထောက်ခံသည့်အနေဖြင့် ရေယာဉ်သုံးစင်းကို အမေရိကန်က စေလွှတ်ခဲ့ခြင်းဖြစ်သည်။ ရုရှားရေတပ်ဖွဲ့ကို အသုံးပြုပြီး ကာရေဘီယံပင်လယ်သို့ လူသားချင်းစာနာရေး အထောက်အကူ စေလွှတ်လျှင် အမေရိကန်နိုင်ငံအနေဖြင့် မည်သို့ ခံစားရမည်ဆိုသည့် အချက်ကို စဉ်းစားသင့်သည်ဟု ရုရှားခေါင်းဆောင် ဒီမီထရီမက်ဒ်ဗီဒက်ဖ်က စနေနေ့တွင် မေးခွန်းထုတ်ခဲ့သည်။

ပီတာသည်ဂရိတ်နျူကလီးယားစွမ်းအင်သုံး စစ်သင်္ဘောကို ဗင်နီဇွဲလားနိုင်ငံသို့ စေလွှတ်မည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အန်ဒရီနီစတာရန်ကိုက တနင်္လာနေ့တွင် ပြောကြားသည်။ ပီတာဂရိတ်စစ်သင်္ဘောသည် ကမ္ဘာတွင် အကြီးဆုံး စစ်သင်္ဘောများတွင် တစ်စင်းအပါအဝင်ဖြစ်သည်။

လောင်စာတင်ရေယာဉ် အပါအဝင် အခြားသင်္ဘောများနှင့် ချာဘာနန်ကို ရုရှား ဖျက်သင်္ဘောသည်လည်း ကာရေဘီယံပင်လယ်သို့ ခုတ်မောင်းသွားမည်ဖြစ်ကြောင်းၛင်းကဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံ၏ အနှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြပွဲအတွက်လေ့ကျင့်နေသော တောင်ကိုရီးယားတပ်ဖွဲ့ဝင်များကို ဆိုးလ်မြို့၌ စက်တင်ဘာ ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဩစတြေးလျက အိန္ဒိယသို့ ယူရေနီယံ ရောင်းချမည် မဟုတ်ဟု ပြောကြား

ကန်ဘာရာ စက်တင်ဘာ ၉

နျူကလီးယား မပြန့်ပွားရေးစာချုပ်(အင်ပီတီ)ကို လက်မှတ်ရေးထိုးခြင်းမပြုသည့်နိုင်ငံများနှင့်အိန္ဒိယနိုင်ငံတို့သို့ ယူရေနီယံရောင်းချမှုပိတ်ပင်မှုအပေါ် ဩစတြေးလျအစိုးရက ပြောင်းလဲပစ်မည် မဟုတ်ကြောင်း ကုန်သွယ်ရေးဝန်ကြီး ဆိုင်မွန်ကရင်းက တနင်္လာနေ့တွင် ပြောကြားသည်။

အိန္ဒိယအပေါ် နျူကလီးယားကုန်သွယ်ရေးပိတ်ပင်မှု ရုပ်သိမ်းရန် ၄၅နိုင်ငံပါ နျူကလီးယား ဖြည့်တင်းရေးအုပ်စု၏ ဆုံးဖြတ်ချက်ကို ဩစတြေးလျအစိုးရက ထောက်ခံမှုရှိလင့်ကစား ဩစတြေးလျအစိုးရ၏ မူဝါဒကိုပြောင်းလဲမည်မဟုတ်ဟုကရင်းက ဩစတြေးလျ သတင်းစာသို့ ပြောကြားသည်။

အင်ပီတီ လက်မှတ်ရေးထိုးသည့်နိုင်ငံများသို့သာယူရေနီယံ ဖြည့်ဆည်းရောင်းချမည်ဖြစ်ကြောင်း၊ အိန္ဒိယသည် အင်ပီတီအဖွဲ့ဝင် မဟုတ်သဖြင့် ဩစတြေးလျက အိန္ဒိယသို့ ယူရေနီယံရောင်းချမည်မဟုတ်ကြောင်းကရင်းက သတင်းစာသို့ ပြောကြားသည်။

ဩစတြေးလျနိုင်ငံက ကမ္ဘာတစ်ဝန်းရှိ ယူရေနီယံသိုက်၏ ၄၀ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။ သို့ရာတွင် အိန္ဒိယက နျူကလီးယား လောင်စာဝယ်ယူမည့်မေတ္တာရပ်ခံချက်ကိုပယ်ချခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အလုပ်နေရာ ၃၃၀၀ လျှော့ချခဲ့သည့် ဥရောပရှိ အကြီးဆုံး စက္ကူစက်ရုံ စတိုရာအင်ဆိုကို စက်တင်ဘာ ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ် အလုပ်သမား ၇၀၀၀ ကျော် တောင်ကိုရီးယား ခေါ်ယူမည်

ဒါကာ စက်တင်ဘာ ၉

တောင်ကိုရီးယားနိုင်ငံသည် လာမည့် ၁၆ လအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှကျွမ်းကျင်လုပ်သားနှင့်တစ်ပိုင်းကျွမ်းကျင် လုပ်သား ၇၀၀၀ ကျော်ကို ခေါ်ယူမည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ တောင်ကိုရီးယားနိုင်ငံ သံအမတ်ကြီးက တနင်္လာနေ့တွင် ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်လုပ်သား ၃၀၀၀ ခန့်သည် ၂၀၀၉ ခုနှစ်နှင့် ယခုနှစ်တို့အတွင်း တောင်ကိုရီးယားနိုင်ငံရှိ တည်ဆောက်ရေးလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ ငါးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ လျှပ်စစ်လုပ်ငန်းနှင့် စက်ပိုင်းဆိုင်ရာ လုပ်ငန်းများတွင် အလုပ်အကိုင်များရရှိကြမည်ဖြစ်သည်ဟု တောင်ကိုရီးယား သံအမတ်ကြီး ဆုခ်ဘန်ပက်က ပြောကြားသည်။

အလုပ်သမားများ အလုပ်လုပ်ကိုင်ခွင့်ပါမစ်စနစ်အရ အလုပ်သမား ၃၀၀၀ ခန့်ကို ယခုနှစ်တွင် စုဆောင်းခေါ်ယူမည်ဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် အလုပ်သမားသစ် ၄၀၀၀ခန့်ကို ထပ်မံခေါ်ယူမည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံတွင်လူဦးရေတိုးနှုန်းရပ်နေသည့်အတွက် ပြည်ပလုပ်သားဦးရေ ပိုမိုလိုအပ်လာခြင်းဖြစ်သည်ဟု၎င်းကဆိုသည်။ လုပ်ငန်းမျိုးစုံတွင်ပြည်ပနိုင်ငံသားများ အလုပ်လုပ်ကိုင်ရန် အခွင့်အလမ်းများ ရှိနေကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ကျော်တွင် ဘင်္ဂလားဒေ့ရှ် အလုပ်သမားပေါင်း ၅ဒသမ ၆သန်းကျော်သည် ယခုအခါ အလုပ်လုပ်ကိုင်လျက်ရှိကြသည်။

အာရှအရှေ့တောင်ပိုင်းနိုင်ငံများနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများတွင် ဘင်္ဂလားဒေ့ရှ်လုပ်သား အများအပြား အလုပ်လုပ်ကိုင်လျက်ရှိသည်။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံ အဇီဇာဘက်ကျေးရွာ၌ အမေရိကန်တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်သဖြင့် အပျက်အစီးအချို့ကို စက်တင်ဘာ ၅ ရက်က တွေ့ရ စဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ရန်သူများ၏ တိုက်ခိုက်မှု

အီရန်က ဒုံးလက်နက်ဖြင့် ကာကွယ်တိုက်ခိုက်မည်

တီဟီရန် စက်တင်ဘာ ၉

အီရန်နိုင်ငံ၏ တာဝေးပစ်ဒုံးကျည်အသစ်များကြောင့် ရန်သူတို့၏ တိုက်ခိုက်မှုအား ဟန့်တားနိုင်ခြင်း ဖြစ်ကြောင်း အစ္စလာမ့်စ် တော်လှန်ရေးအစောင့်တပ်ဖွဲ့ (အိုင်အာရ်ဂျီစီ)မှ ဒုတိယတပ်မှူး နော်အလီရှူတာရီ၏ စနေနေ့က ပြောကြားသည့် စကားကို ကိုးကား၍အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် အီရန် ရုပ်သံချယ်နယ်က ကြေညာသွားသည်။စစ်ဘက်ဆိုင်ရာလက်နက်ကိရိယာနှင့်တာဝေးပစ်ဒုံးကျည်များကို တီထွင်ထုတ်လုပ်ခြင်းသည် ရန်သူတို့ တိုက်ခိုက်မှုကို တားဆီးနှိမ်နင်းနိုင်ရန် မိမိတို့၏ စွမ်းရည်ကို တိုးချဲ့လုပ်ဆောင်ခြင်း ဖြစ်သည်ဟု ရှူတာရီက ပြောကြားသည်။

အီရန်၏ တာဝေးပစ်ဒုံးကျည်သစ်များသည်အီရန်နိုင်ငံ၏ ကာကွယ်ရေးတပ်ဖွဲ့အတွက် ခိုင်မာသောအင်အားဖြစ်စေသည်ဟု၎င်းကပြောကြားသည်။ ယနေ့ခေတ်တွင် အီရန်နိုင်ငံကို ရန်လိုတိုက်ခိုက်မှုမပြုလုပ်ဝံ့ကြောင်း၊ မိုက်မဲသော လုပ်ရပ်မျိုးဖြင့်အီရန်နိုင်ငံအား စွန့်စားတိုက်ခိုက်လျှင် အီရန်သည် ပြင်းပြင်းထန်ထန် တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ထပ်မံပြောကြားသည်။

အီရန်နိုင်ငံတွင် ရာမာဒန်ကာလ၌ အီရန်လေကြောင်းတပ်ဖွဲ့သည် အင်္ဂါနေ့မှစ၍ စစ်ရေးလှုပ်ရှားမှုတို့ကို ဆောင်ရွက်သွားမည်ဟု အီရန်ဗိုလ်ချုပ် အတာလက်ချ်ဆာလီဟီက အင်္ဂါနေ့တွင် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာရပ်ဒေသမှ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဥရောပဒေသသို့ တိုးချဲ့သွယ်တန်းရန် သဘောတူညီ

ကိုင်ရို စက်တင်ဘာ ၉

အာရပ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေးစီမံကိန်းမှ ရေနံဝန်ကြီးများက ဥရောပဈေးကွက်အထိ ရေနံပိုက်လိုင်း တိုးချဲ့သွယ်တန်းရန် သဘောတူညီကြကြောင်း အီဂျစ်မီနာသတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

အာရပ်ရေနံပိုက်လိုင်းကို ဥရောပသဘာဝ ဓာတ်ငွေ့ပိုက်လိုင်းအထိ ချိတ်ဆက်မည့် အစီအစဉ်များကို အီဂျစ်၊ ဂျော်ဒန်၊ ဆီးရီးယားနှင့် လက်ဘနွန်နိုင်ငံတို့မှရေနံနှင့်စွမ်းအင်ဝန်ကြီးများက ကိုင်ရိုမြို့တော်၌ တနင်္ဂနွေနေ့က ကျင်းပသည့် အစည်းအဝေးတွင် သဘောတူညီကြသည်။

ဖော်ပြပါစီမံကိန်းနှင့် ပတ်သက်သည့်လုပ်ငန်း အဆင့်ဆင့်အပေါ် ဆွေးနွေးခဲ့ကြသည်ဟု အီဂျစ်ရေနံဝန်ကြီးဆာမီးပါမီက ပြောကြားသည်။ အဆိုပါ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် အီဂျစ်နိုင်ငံရှိ အယ်လ်-အာရစ်ဒေသမှ ဆီးရီးယားနိုင်ငံရှိ ဟင်မ်ဒေသသို့ တိုးချဲ့သည့်ပိုက်လိုင်း ဖြစ်သည်။

အဆိုပါလေးနိုင်ငံမှ ကျွမ်းကျင်သူများက အချိန်ဇယားနှင့် လက်ဘနွန်သို့ ပို့ပေးမည့်သဘာဝဓာတ်ငွေ့ ပမာဏနှင့် ပတ်သက်၍ လာမည့်သုံးရက်အတွင်း ဆွေးနွေးကြမည်ဖြစ်သည်။

အင်တာနက်။

နယူးယောက်တွင် ဘိုးအင်းလေယာဉ်ကုမ္ပဏီ ဝန်ထမ်းများ သပိတ်မှောက်

နယူးယောက်၊ အဲဗားရက်(ဝါရှင်တန်) စက်တင်ဘာ ၉

လေယာဉ်ထုတ်လုပ်သည့် ဘိုးအင်းကုမ္ပဏီနှင့် နှစ်ရက်ကြာ အရေးပေါ်ဆွေးနွေးပွဲကျင်းပခဲ့ပြီးနောက်ပြဿနာဖြေရှင်းနိုင်မှု မရှိခဲ့သဖြင့် ယင်းကုမ္ပဏီမှ ဝန်ထမ်းများသည် စနေနေ့တွင် လုပ်ငန်းခွင်၌ သပိတ်မှောက်ကြကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

ညပိုင်းတွင် ဝန်ထမ်း ၁၀၀ ကျော်ပါသည့်အုပ်စုတစ်စုက အဲဗားရက်ဒေသရှိ ဘိုးအင်းလေယာဉ်စက်ရုံဝင်ပေါက်၏အနီးသို့ စုရုံးရောက်ရှိလာကြပြီး မော်တော်ယာဉ်များကို ဟွန်းတီး၊ ခရာများကိုမှုတ်ကြကာ စတင်ဆန္ဒပြကြသည်။ တစ်ညနှင့်တစ်နေ့ တွေ့ဆုံဆွေးနွေးပြီးနောက် ဘိုးအင်းကုမ္ပဏီနှင့်ဆက်လက်ဆွေးနွေးခဲ့သော်လည်း ကုမ္ပဏီက ပြဿနာများကို မဖြေရှင်းနိုင်ခဲ့ဟု အိုင်အေအမ်၏ဥက္ကဋ္ဌ ရိုဘယ်စကီးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လူလိုမှ နတ်လို၊ နတ်လိုမှ ဂြိုဟ်မ

ချစ်နိုင်(စိတ်ပညာ)

ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး အဲလ်ဘတ်အိုင်းစတိုင်းက ရေးဖူးတယ်။ သင်ဟာ အောင်မြင်သူအဖြစ် ခံယူနိုင်ဖို့ရာ မကြိုးစားပါနဲ့တဲ့။ သင်ဟာ တန်ဖိုးရှိသူတစ်ဦးဖြစ်အောင်သာပဲ ကြိုးစားပါတဲ့။ မိမိတစ်ဦးတည်း ကြီးပွားကောင်းစားရေးကိုသာ မျှော်မှန်းအလုပ်လုပ်တာထက် ပတ်ဝန်းကျင် လူအပေါင်းနဲ့ လောကကို ကောင်းကျိုးပြု အကျိုးဆောင်နိုင်အောင် ရည်ရွယ်လှုပ်ရှားစေချင်တဲ့ သဘောပါ။ သူတစ်ပါး လူအများအတွက် အသုံးဝင်ပါမှ တန်ဖိုးရှိမှာပေါ့။ တချို့လူတွေဟာ မိမိတစ်ကိုယ်စာ ကောင်းစားအောင်မြင်ချင်တာကြောင့် မိမိရဲ့ကျေးဇူးရှင် မွေးရပ်မြေအပါအဝင် ပတ်ဝန်းကျင်ကို ရက်ရက်စက်စက် နှိပ်စက်ဖျက်ဆီးတာ၊ မတိုးတက်အောင် ပိတ်ပင်တားဆီးတာ၊ ဒုက္ခရောက်အောင် ပိတ်ဆို့ဖိနှိပ်တာမျိုးတောင် လုပ်ရက်ကြတာ တွေ့ဖူးပါတယ်။

မိမိဟာ ချိန်ခွင်တစ်ဖက်၊ သူတစ်ပါး၊ လူအများ၊ ပတ်ဝန်းကျင် လူသားတွေဟာ အခြားတစ်ဖက်က ချိန်ခွင်ခွက်ပေါ်မှာ ရှိကြတယ်လို့ အချို့က ယူဆတယ်။ မိမိမြင့်ဖို့အတွက် အခြားလူတွေကို နှိမ့်ချရမယ်၊ နိမ့်ကျအောင် လုပ်ဆောင်ရမယ်လို့ ထိုသူက ထင်မြင်ပုံရတယ်။ တကယ်တမ်းမှာ အဲဒီအယူအဆဟာ လုံးဝလွဲချော်မှားယွင်းနေတယ်။

ဥပမာ ဘယ်သူလဲ စဉ်းစားကြည့်ရင် မြင်နိုင်ပါတယ်။

အမှန်တရားက မိမိနဲ့ ပတ်ဝန်းကျင်ဟာ လုံးဝခွဲခြားလို့မရတဲ့ အစိတ်အပိုင်းတွေဖြစ်ပါတယ်။ သူ့ကို ချီးမြှောက် ကိုယ့်ဂုဏ်မြောက်၏တဲ့။ သူ့ကို ဂုဏ်နှိမ့်၊ ကိုယ့်ဂုဏ်နိမ့်၏တဲ့။ မဟာသုတကာရီမဃဒေဝလင်္ကာသစ်မှာ မန်လည်ဆရာတော် အရှင်ဇဝနက ထင်ရှားအောင် ရေးသားဖွဲ့ဆိုတော်မူခဲ့ပါတယ်။ မိမိနဲ့လောက၊ လောကနဲ့မိမိ၊ တစ်ဆက်တည်း တစ်သားတည်းနော်။ ဗဟုဇနဟိတာယ၊ အများကို ကောင်းကျိုးပြုပေးမှ မိမိဘဝဟာ ပျော်ရွှင်နိုင်ပါတယ်။ ဗဟုဇနသုခါယ၊ အများကို ချမ်းသာအောင် ရွက်ဆောင်ပေးမှ မိမိဘဝဟာ အေးချမ်းသာယာပါတယ်။ လူသားတစ်ယောက်ဟာ ပတ်ဝန်းကျင်ကို မဖျက်ဆီးရဘူးဆိုတဲ့ အခြေခံကျင့်ဝတ်(ဝါရိတ္တသီလ)လောက်တော့ စောင့်စည်းရပါမယ်။

အခြားလူတွေကို မေတ္တာမထားနိုင်ဘဲ ဒေါသနဲ့လောဘနဲ့ တိုက်ခိုက်ဖျက်ဆီးချင်နေတဲ့လူဟာ ဘုန်း(ပုည)လည်း မကြီးနိုင်ဘူး၊အသက်လည်း မရှည်နိုင်ပါဘူး။ သူပြုတဲ့အကုသိုလ်ကံဟာ သူ့ထံသို့ ပဲ့တင်ထပ်သံအဖြစ် တုံ့ပြန်လာမှာပဲ ဖြစ်တယ်။ လူအများကို ဆင်းရဲအောင်၊ ငတ်မွတ်အောင်၊ လူနေမှုဘဝ နိမ့်ကျအောင် ပိတ်ဆို့တားဆီး တံတိုင်းခတ် တည်ဆောက်ချင်တဲ့ ဒုစရိုက်မကောင်းမှုကြောင့် သူ့ကို လုံခြုံအောင် တားဆီးကန့်သတ်ကြရပါတော့တယ်။ အဲဒါဟာ ဘယ်သူမပြုမိမိမှုပါပဲ။ လူအများကို သူကအန္တရာယ်ပြု၊ ဘေးဒုက္ခကျရောက်အောင် အဆက်မပြတ် ကြံစည်နေမှတော့ ဒီလိုကြောက်စရာကောင်းတဲ့ အန္တရာယ်ပြုသူကို ကန့်သတ်ထားရပေမှာပဲ။ အကယ်၍သာ ငါသည်လူအများရဲ့ အကျိုးစီးပွားကို မဖျက်ဆီးတော့ပါဘူး။ မပိတ်ပင်တော့ပါဘူး။ ကောင်းကျိုးဆောင်ရွက်နေကြသူတွေနဲ့အတူ ပါဝင်လက်တွဲတော့မယ်။ လောကကောင်းကျိုး၊ လူအများရဲ့ ကောင်းကျိုးကို ဆောင်ရွက်ပါတော့မယ်ဆိုရင် ထိုသူဟာ ဖြူဖြူမည်းမည်း၊ ကြီးကြီးငယ်ငယ်၊ လူပုဂ္ဂိုလ်မခွဲ အားပေးကြိုဆိုရမှာပဲ။ သူ့ကို ခွင့်လွှတ်လက်ကမ်းသင့်တာပဲဖြစ်ပါတယ်။

ပိတ်ဆို့တယ်၊ နှောင့်ယှက်တယ်၊ ဖျက်ဆီးတယ်၊ အလုံးစုံပျက်သုဉ်းအောင် လုပ်နေတယ်ဆိုတဲ့ ရည်ရွယ်ချက်ဟာ အုပ်ချုပ်သူအစိုးရကို တိုက်ခိုက်ဆန့်ကျင်လိုခြင်း ဖြစ်ကောင်းဖြစ်မယ်။ တကယ်ထိပါးခံရတာကတော့ ပြည်သူလူထုပဲ၊ တိုင်းပြည်ပါပဲ၊ တိတိကျကျပြောရရင် လက်လုပ်လက်စား လူတန်းစားတွေကို ပြင်းပြင်းထန်ထန် ဆိုးဆိုးရွားရွား အထိခိုက်ဆုံးပါပဲ၊ စက်ရုံတွေက အလုပ်မရှိကြတော့လို့ ဒုက္ခရောက်ရတဲ့ အလုပ်သမလေးတွေဟာ ရရာဘဝ၊ ကြုံရာဘဝ၊ ရှန်းကန်နစ်မွန်းကြရရှာတာ အသချေ်။ ဒါတွေကို မျက်ကွယ်ပြုပြီး ရက်ရက်စက်စက်ဆက်ပြီး ပိတ်ဆို့ပိတ်ပင် ဖိနှိပ်နေဦးမယ်ဆိုရင်ကော အောင်မြင်မှာတဲ့လား။ ဝေးပါသေးဗျာ။

တိုင်းပြည်နဲ့ ပြည်သူကို ဖျက်ဆီးနှောင့်ယှက် ဒုက္ခပေးနေတဲ့အလုပ်ကို ဆက်လုပ်နေပါဦးမယ်ဆိုသမျှ ဘယ်သူက ကြည်ဖြူချစ်ခင်နိုင်မှာလဲ။ ကျေးဇူးပြုမှ ကျေးဇူးတင်ကြမှာပေါ့။ အကျိုးဖျက်ဆီးသူဆိုတာ ရန်ပြုခြင်းပဲ။ ဘယ်သူ့အလိုကျ လုပ်နေရတာလဲ။

ပုညဆိုတဲ့ ပါဠိဝေါဟာရကနေပြီး ဆင်းသက်လာတဲ့ မြန်မာစကားရှိတယ်။ ဘုန်းကံတဲ့၊ တစ်စုံတစ်ဦးဟာ ဘုန်းကံကြီးလို့ရှိရင် မြစ်ကူးတံတားကြီးတွေ အစင်း ၂၀၀ကျော်၊ ဆည်တာတမံကြီးတွေ ၂၀၀ကျော်၊ တိုင်းပြည်နဲ့ လူမျိုးကို အကျိုးရှိအောင် အကောင်အထည်ဖော်ပေးခဲ့တယ်။ ကြည်ညိုစရာကောင်းလိုက်တာ။ ပြည်သူအများက ကျေးဇူးတင်လွန်းလို့ ညစဉ် အိပ်ရာဝင်တိုင်း မေတ္တာပို့သ ဘုန်းကြီးပါစေ၊ သက်တော်ရှည်ပါစေ၊ နံနက်အိပ်ရာထတိုင်း မေတ္တာပို့သ ဘုန်းကြီးပါစေ၊ သက်တော်ရှည်ပါစေ၊ ပုညဆိုတဲ့ကောင်းမှုတွေပြုတဲ့ အကျိုးကြောင့် ပြည်သူတွေက ချစ်ကြတာလေ။ အေးချမ်းအောင်၊ သာယာအောင် လုပ်ပေးသူကို ကျေးဇူးတင်တာပေါ့။

အကျိုးဖျက်ဆီးပြီး မိမိတို့ဘဝကို ခေတ်နောက်ကျအောင်၊ မွဲသေ့ခြောက်ခန်းအောင် ရန်ပြုနေသူကိုတော့ ဘယ်သူက လက်ခံကြိုဆိုနိုင်ပါမလဲ။ လူပုဂ္ဂိုလ် သူသူငါငါ၊ မည်သူရယ်လို့မခွဲ၊ ကောင်းတဲ့အပြုအမူပြုမှ ကောင်းကျိုးရတယ်၊ ဆိုးတဲ့အပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင်တွေ ပြုမူပြီး ကောင်းကျိုးရချင်နေလို့ မဖြစ်နိုင်ဘူး၊ ကိုယ်စိုက်တဲ့ အသီးအပင်က အသီးကိုသာလျှင် ရိတ်သိမ်းကြရမှာဖြစ်ပါတယ်။

ငါးနှစ်လည်းမဟုတ် ဆယ်နှစ်လည်းမဟုတ်။ ကဲ. . .။

အနှစ်နှစ်ဆယ်လောက်အကျိုးမထိရောက်ဘဲ ချောက်ကျနေတယ်ဆိုရင် ရဲရဲဝံ့ဝံ့ဝေဖန်သုံးသပ်ပြုပြင်သင့်ပြီ။ လောဘ၊ ဒေါသ၊ မာန၊ မိမိတစ်ယောက် လွန်ကဲ လွဲချော်နေတာက အများကို နှိပ်စက်ဖိစီးနေပြီဆိုရင် ပြောင်းလဲဖို့ ကောင်းပြီပေါ့။

အမှားကိုအမှားအတိုင်း ဆက်သွားနေရင် သမိုင်းက အပြစ်ဒဏ်ခတ်တာ သမိုင်းစာမျက်နှာတွေမှာ သင်ခန်းစာ အများကြီး၊ သွားပစေ့၊ သွားရော့ကွာဆိုပြီး ပစ်မထားရက်ဘဲ ကြင်ကြင်နာနာဖေးဖေးမမ လက်ဆွဲကယ်ယူနေသူတွေကို ရိုင်းရိုင်းစိုင်းစိုင်းပယ်ထုတ်ပုတ်ချနေရင် ထိုသူပင်လျှင် နစ်မွန်းဖွယ်ရှိပါတယ်။

ကြားဖူးတယ်မဟုတ်လား၊ မုန့်လုံးကိုစက္ကူကပ်ဆိုတာ"မုန့်လုံးကိုစက္ကူကပ်၊ ကြာကလပ်နဲ့ ဆွမ်းတော်တင်၊ပလ္လင်ပေါ်က မျောက်ကလေး၊ ဆင်းတယ်လို့ပြေး။ ဂျာအေး-ဂျာအေး၊ ဂျာအေးကိုသူ့အမေရိုက်၊ မှောင်မိုက်မှာငို၊ ကိုလူပျိုထရံပေါက်က ခြေထောက်ကိုဆွဲ၊ တွဲလွဲ-တွဲလွဲ၊ တွဲလွဲနေပါဦး မိုးတောင်ကချွန်း၊ မုန့်လုံး၊ မုန့်လုံး၊ မုန့်လုံးကို စက္ကူကပ်၊ ကြာကလပ်နဲ့ ဆွမ်းတော်တင်" မပြီးနိုင်တော့ဘူး၊ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေဒီနေရာမှာပဲ ဝဲလှည့်နေတာကိုး။ ရှေ့ဆက်မတက်တော့ဘူး။

တမင် ဒီလိုဖြစ်နေအောင် ထိန်းချုပ်ခံရရှာတာ။

Ideas do matter

စိတ်ကူးစိတ်သန်းက အခြေအနေကို လုပ်တယ်။ ပြင်ပအဝေးထိန်းခလုတ်က စွမ်းအားကောင်းပါတယ်။ ပညာလည်း မြင့်ပါရဲ့။ ဒါကို ဒီကဖောက်ထွက်ပြီးမမြင်တော့ ဝဲလည်နေတာပဲ။ မုန့်လုံးစက္ကူကပ်တာ အနှစ် ၂၀ ကျော်လာပြီ၊ တော်သင့်ပြီ၊ ယနေ့မှစ၍ တိုးတက်ကောင်းမွန်အောင် ပြောင်းလဲပြီး ရှေ့ဆက်ကြစို့လို့ သဘောပေါက်သင့်ပြီ။

မိမိတို့အင်အားဟာ မိမိတို့ရဲ့အတွင်းထဲမှာပဲ ရှိပါတယ်။ ပြင်ပကို မှီခိုအားကိုးခဲ့တဲ့ ဆိုးကျိုးသင်ခန်းစာတွေလည်း တို့နိုင်ငံမှာ အများကြီးပါ။ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံမှ ကွန်မြူနစ်ပါတီတစ်ခုက တောခိုကြ၊လက်နက်ကိုင်တိုက်ပွဲဝင်ပြီး အောင်ပွဲဆင်ကြဆိုပြီး (ညွှန်ကြား)မြှောက်ပေးလိုက်တာနဲ့ ဗကပဟာ ၁၉၅၀-၁၉၇၀၊ နှစ်ပေါင်း ၂၀လုံးလုံး စစ်အနိုင်တိုက်ရေး ကျားကုပ်ကျားခဲကြိုးစားခဲ့တာပဲ။ ရသလား။

ပြင်ပဩဇာခံရင် ဘယ်ရမှာလဲ။ မရပါ။

၁၉၆၇-၁၉၈၈အနှစ် ၂၀လုံးလုံး ပြည်ပရဲ့အထောက်အပံ့နဲ့ အာဏာနီတော်လှန်ရေး ဆင်နွှဲပြန်တယ်။ ကဲ-အောင်မြင်သလား။ ဘယ်အောင်မြင်မှာလဲ။

ပြည်ပကအမိန့်ပေးတာ လိုက်လုပ်ရတာထက် စိတ်ဆင်းရဲစရာကောင်းတာ ဘယ်မှာမှ မရှိပါဘူး။ ပကတိအခြေအနေတွေနဲ့ အံမကျတာကို ကိုယ်တိုင်ကြုံတွေ့နေရတယ် မဟုတ်လား။ ရုန်းထွက်လိုက်ရမှာ။ သိလောက်ပါပြီ။

ဘာမှ မမက်မော၊ မခင်တွယ်တော့ဘဲ ရဲရဲရုန်းထွက်လွတ်မြောက်မှ ကိုယ်ပိုင်အတွေးအခေါ်နဲ့ အလုပ်လုပ်လို့ရမှာ ဖြစ်ပါတယ်။ ပြည်သူတွေကို မနှိပ်စက်ချင်ပါနဲ့။ ပြည်သူအများကို မှားတယ်၊ နုံတယ်၊ အတယ်၊ အနောက်နိုင်ငံသားတွေလောက် အဆင့်အတန်းမမြင့်ကြဘူးလို့ အထင်မသေးပါနဲ့။ မအပါဘူး။ မနုံပါဘူး။ မပြောပေမယ့် အားလုံးသိမြင်နေကြပါတယ်။"လူလိုမှ နတ်လိုတယ်၊ နတ်လိုမှ ဂြိုဟ်မတယ်"ဆိုတဲ့ ရှေးစကားပုံလေးတော့ အားလုံးက နားလည်ကြတယ်ဗျ။

> ***ပုညဆိုတဲ့ ပါဠိဝေါဟာရကနေပြီး ဆင်းသက်လာတဲ့ မြန်မာစကားရှိတယ်။ ဘုန်းကံတဲ့၊ တစ်စုံတစ်ဦးဟာ ဘုန်းကံကြီးလို့ရှိရင် မြစ်ကူးတံတားကြီးတွေ အစင်း ၂၀၀ ကျော်၊ ဆည်တာတမံကြီးတွေ ၂၀၀ကျော်၊ တိုင်းပြည်နဲ့ လူမျိုးကို အကျိုးရှိအောင် အကောင်အထည်ဖော်ပေးခဲ့တယ်။ ကြည်ညိုစရာကောင်းလိုက်တာ။ ပြည်သူအများက ကျေးဇူးတင်လွန်းလို့ ညစဉ် အိပ်ရာဝင်တိုင်း မေတ္တာပို့သ ဘုန်းကြီးပါစေ၊ သက်တော်ရှည်ပါစေ၊ နံနက်အိပ်ရာထတိုင်း မေတ္တာပို့သ ဘုန်းကြီးပါစေ၊ သက်တော်ရှည်ပါစေ၊ ပုညဆိုတဲ့ကောင်းမှုတွေပြုတဲ့ အကျိုးကြောင့် ပြည်သူတွေက ချစ်ကြတာလေ။ အေးချမ်းအောင်၊ သာယာအောင် လုပ်ပေးသူကို ကျေးဇူးတင်တာပေါ့။***

ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့က ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်တစ်ကိုယ်ရေကျန်းမာရေး၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် မာလာနွယ်လမ်းရှိ အမှတ်(၁၁)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့ နာယကများဖြစ်ကြသော ဒေါက်တာ ဒေါ်ခင်လေးကြီးနှင့် ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်မာအေးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသမီးဆရာဝန်များအဖွဲ့မှ ကလေးအထူးကုဆရာဝန် တွဲဖက်ပါမောက္ခ(ငြိမ်း) ဒေါက်တာ ဒေါ်ခင်ဝင်းသန်းနှင့် မျက်စိအထူးကုဆရာဝန် ဒေါက်တာဒေါ်နီလာသိန်းတို့က ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အခမဲ့စမ်းသပ်ကုသပေးကြသည်။ ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)အမျိုးသမီးဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်မာအေးက "ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေကျန်းမာရေး၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေး"ခေါင်းစဉ်ဖြင့်ဆွေးနွေးဟောပြောသည်။ **(ယာပုံ)**

ယင်းနောက် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက ချုံနွယ်ပိတ်ပေါင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများအတွင်းရှိ ရွှံ့နွံ၊အမှိုက်များ ဆယ်ယူရှင်းလင်းခြင်းတို့ကို ပြုလုပ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် လယ်ဝေးမြို့နယ် စိုင်ခေါင်းရိုးကျေးရွာ၌ ကျင်းပသော ၂၀၀၈-၂၀၀၉ ခုနှစ် နေပြည်တော် ပျဉ်းမနားခရိုင် ကောက်စိုက်စွမ်းရည် ပြိုင်ပွဲနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် လယ်ယာကဏ္ဍ ထူးချွန်ဆုပေးအပ်ပွဲတွင် မြို့နယ်အလိုက် ကောက်စိုက်လုံမေများ ပါဝင်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော်ပျဉ်းမနားခရိုင် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် လယ်ယာကဏ္ဍထူးချွန်ဆုပေးအပ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြားပြီး ဆုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၁၀

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယမန်နေ့ နံနက် ၈နာရီတွင် နေပြည်တော်လယ်ဝေးမြို့နယ် စိုင်ခေါင်းရိုးကျေးရွာ၌ ကျင်းပသော ၂၀၀၈-၂၀၀၉ ခုနှစ် နေပြည်တော်ပျဉ်းမနားခရိုင် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် လယ်ယာကဏ္ဍထူးချွန် ဆုပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးမှတ်ကြီးက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ စည်းကမ်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို စတင်ကျင်းပရာ တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များက မြို့နယ်အလိုက် ကောက်စိုက်လုံမေများ ပျော်ပျော်ပါးပါး ပါဝင်ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ စက်မှုလယ်ယာဦးစီးဌာနနှင့် ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီမှ ခင်းကျင်းပြသထားသော စပါးရိတ်သိမ်းခြွေလှေ့စက်များ၊ စပါးစိုက်စက်များ၊ လက်တွန်းထွန်စက်များနှင့် မြန်မာ့ကြံလုပ်ငန်း၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ ခင်းကျင်းပြသထားသော ပြခန်းများနှင့် မော်တော်ဆိုင်ကယ်ကို အသုံးပြု၍ ရေတင်ခြင်း လက်တွေ့သရုပ်ပြမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက်တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၀၇-၂၀၀၈ ခုနှစ် နေပြည်တော်ပျဉ်းမနားခရိုင်၏ လယ်ယာကဏ္ဍ အကောင်အထည်ဖော်မှုနှင့် ၂၀၀၈-၂၀၀၉ ခုနှစ်စိုက်ပျိုးအောင်မြင်မှု ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးက နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းလယ်ယာကဏ္ဍ ဘက်စုံအကောင်းဆုံးအကောင်အထည်ဖော်ဆောင်ရွက်မှု တံခွန်စိုက်ဆုကိုရရှိသော နေပြည်တော်တပ်ကုန်းမြို့နယ်နှင့် ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါးလျာထားချက် ပြည့်မီကျော်လွန်မှု အထိမ်းအမှတ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နေပြည်တော်တပ်ကုန်းမြို့နယ် အသင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ တိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦးက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ဒုတိယဆု ရရှိသော နေပြည်တော်လယ်ဝေးမြို့နယ်အသင်းအားလည်းကောင်း၊ တာဝန်ရှိသူများက တတိယဆုနှင့် မျိုးစေ့ချကိရိယာဖြင့် ကောက်စိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စက်တင်ဘာ ၉ ရက်တွင် ကျင်းပသော နေပြည်တော်ပျဉ်းမနားခရိုင်၏ မိုးစပါး လျာထားချက် ပြည့်မီကျော်လွန်မှု အထိမ်းအမှတ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် နေပြည်တော် ပျဉ်းမနားမြို့နယ်ကိုယ်စားပြုတစ်သင်း၊ နေပြည်တော်လယ်ဝေးမြို့နယ်ကိုယ်စားပြုတစ်သင်း၊ နေပြည်တော် တပ်ကုန်းမြို့နယ် ကိုယ်စားပြု တစ်သင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားပြု တစ်သင်း စုစုပေါင်း ပြိုင်ပွဲဝင်အသင်းလေးသင်းပါဝင် ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၅ ရက်တွင် မန္တလေးတိုင်းကျောက်ဆည်မြို့၌တည်ဆောက်ပြီးစီးသွားသည့် မီးသတ်စခန်းသို့ သွားရောက်၍စခန်းသန့်ရှင်း သာယာလှပရေး၊ လျှပ်စစ်မီတာ ခွဲဝေသုံးစွဲမှု အခြေအနေများနှင့် မီးသတ်ယာဉ်၊ စက်ကြံ့ခိုင်ကောင်းမွန်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးတိုင်းပြင်ဦးလွင်မီးသတ်စခန်းသို့သွားရောက်၍ မီးသတ်စခန်း တည်ဆောက်ပြီးစီးမှု၊ အိမ်ခန်းခွဲဝေချထားမှုနှင့် မီးဘေးကာကွယ်ရေးလုပ်ငန်းများ၊ မီးသတ်ယာဉ်၊ စက်ကြံ့ခိုင်ရေး၊ အသင့်ရှိရေးအခြေအနေများကိုကြည့်ရှုစစ်ဆေး၍လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် စက်တင်ဘာ ၆ ရက်တွင် နေပြည်တော်တပ်ကုန်းရှိ မီးသတ်စခန်းသစ် အဆောက်အအုံ တည်ဆောက်ပြီးစီးမှု၊ အိမ်ခန်းနေရာချထားမှုနှင့် ရေရှိရေး ဆောင်ရွက်ထားမှု အခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မန္တလေးတိုင်း ကျောက်ဆည်မြို့ရှိ မီးသတ်စခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (လူမှုဝန်ထမ်း)

ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၀

"အက်ဖ်အီးစီအသုံးပိုတည့်လာသောအက်ဖ်အီးစီ ပိုပြင်သော ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲပေးမည်လား" အကြောင်းနှင့် ပတ်သက်ပြီး စီးပွားရေး ပညာရှင်ကြီးများ၊လုပ်ငန်းရှင်ကြီးများ၏ သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄)အမှတ်(၃၅) ထွက်ရှိလာသည်။

ထို့အပြင် ဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၈)ကျင်းပ၊ အဆိုတော်ရုပ်ရှင်မင်းသမီး ဝဏ္ဏကျော်ထင် ဒေါ်မေရှင် ကွယ်လွန်ခြင်းအတွက် ဝါရင့်အနုပညာရှင်ကြီးများ၏ ဝမ်းနည်းစကား၊ ကိုရီးယား မင်းသား ဂျွန်ဂျန်ဟိုနှင့် နာမည်ကြီးသရုပ်ဆောင်များ မြန်မာနိုင်ငံလာမည်၊ ကျောက်ခေတ်လူသားများ နေထိုင်ခဲ့သည့် လိုဏ်ဂူကြီး ရှာဖွေတွေ့ရှိပုံ၊ ငလျင်ကြောနှင့်နီး၍ လှုပ်နိုင်ဖွယ်ရှိသည့် နေရာများတွင် ငလျင်တိုင်းစက်များတပ်ဆင်၊ စီးပွားရေး အချက်အချာကျသည့်မြို့များတွင် အင်တာနက်တိုးချဲ့ သုံးနိုင်တော့မည်၊ အင်းလျားကန်ကြီးတွင် နိုင်ငံတကာအဆင့်မီခေတ္တရေသိုလှောင်စနစ်အသုံးပြုနေပြီဖြစ်၍ယမန်နှစ်ကဲ့သို့ ရေမလျှံတော့ပါ၊ ပန်းဆိုးတန်း-ဒလ ကူးတို့သင်္ဘောများတွင် အယ်လ်စီဒီတီဗွီများ တပ်ဆင်၊ ငါးမျိုးစိတ် အဆင့်မြှင့်တင် အင်္ဂလန်မှ ပညာရှင်များ လာရောက်ကူညီမည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **"လက်ဖက်ရည်ဆိုင်ယဉ်ကျေးမှု"** အကြောင်းစသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာ သတင်းများပါရှိသည်။

ရီပတ်ဘလီကန် ဒု-သမ္မတလောင်း ဆာရာပလင်း၏ လက်မထပ်ရသေးသောသမီးတွင် ကိုယ်ဝန်ရှိသတဲ့၊ ဂျော်ဂျီယာကို ထောက်ပံ့ကူညီနေသည့် အနောက်အုပ်စု၏ လက်နက်တင်ပို့မှု ပိတ်ပင်တားမြစ်ရန် ရုရှားတောင်းဆို၊ ဂျာမန်တက်တူး စုဆောင်းသူက ဆွစ်လူမျိုးတစ်ဦး၏ ကျောရှိ မယ်တော်မာရီပုံတက်တူးကိုဝယ်၊ ပေကျင်းနှင့် ရှန်ဟိုင်းရထားလိုင်းသစ်ဖွင့်လှစ်ပြီးပါက ကမ္ဘာ့အမြန်ဆုံး ရထားဝန်ဆောင်မှုအဖြစ် မှတ်တမ်းတင်ရန်စီစဉ်၊ နှလုံးရောဂါ ပျောက်ကင်းလိုသလား အနီရောင်စပျစ်သီး များများစား၊ **"ကျေးလက်နေအိမ်ကြီးမီးလောင်ရာတွင် တစ်မိသားစုလုံးပျောက်ဆုံး"** မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **"ပြောရဦးမယ် သူတို့က ဒီလိုတဲ့"**ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊ နည်းပညာကဏ္ဍ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၉-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၅။ မြန်မာစာမြန်မာစကား
၄း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၅း၀၅ ၈။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၁၀ ၉။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ **ကာတွန်းအစီအစဉ် -ကျားကလေးရဲ့ မွေးရပ်မြေ (အပိုင်း-၂၉)**
၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း -၃)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ အနုပညာရှင်၏ တစ်နေ့တာ
၂၁။ ကုန်သွယ်သုတ
၂၂။ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း (အပိုင်း -၂၇)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

ပြည်သူများအပိုင်းက နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးနေသည်များကိုအားပြုပြီး မိမိတို့ဘဝတိုးတက်ရေးနှင့် နိုင်ငံတော်အကျိုးအတွက် ဝီရိယစိုက်ထုတ်ပြီး လုပ်ငန်းများအောင်မြင်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်

✻ ရွှေ့ဖုံးမှ

သဘာဝဘေးဒဏ်ကာကွယ်ရေး စီမံချက်(၃)ရပ်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ချမှတ်ပြီး မုန်တိုင်းတိုက်ခတ်ပြီးလျှင်ပြီးချင်း မိမိနှင့်အတူ အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် မုန်တိုင်းသင့်ဒေသအတွင်းသို့ ချက်ချင်းဝင်ရောက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် စေတနာအလျောက် ဝိုင်းဝန်းကူညီကြသည့် ပြည်တွင်း၊ ပြည်ပမှ အကူအညီများကိုလည်း ရယူခဲ့ကြောင်း၊ မြန်မာနိုင်ငံ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် မုန်တိုင်းသင့်ဒေသအတွင်းရှိ ပြည်သူတစ်သန်းကျော်ကို အချိန်မီကယ်တင်နိုင်ခဲ့ကြောင်း၊ စားရေး၊ ဝတ်ရေး၊ နေရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုအချိန်တိုအတွင်း ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတကာမျက်နှာစာတွင် ဆူနာမီဖြစ်စဉ်နှင့် နှိုင်းယှဉ်ပြီး မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြု ချီးမွမ်းခဲ့ကြကြောင်း။

မုန်တိုင်းသင့်ဒေသအတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးအဆင့်ကို ကူးပြောင်းဆောင်ရွက်ရာတွင်လည်း အတော်ပင် ခရီးရောက်နေပြီ ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးအပိုင်းတွင် အိုးမဲ့အိမ်မဲ့များအတွက် အမိုးအကာအောက်တွင် လုံခြုံကောင်းမွန်စွာ နေထိုင်နိုင်ရေးအတွက် မူလအခြေအနေထက် သာလွန်ကောင်းမွန်သော ပျဉ်ထောင်၊ သွပ်မိုး အိမ်များကို ပြည်သူလူထုအကူအညီနှင့် ပူးပေါင်းပြီး ဆောက်လုပ် ရွှေ့ပြောင်းပေးခဲ့ရာ ယခုအခါ အိမ်အလုံးပေါင်း ၂၀၀၀ကျော်ဆောက်လုပ် ရွှေ့ပြောင်းပေးပြီး ဖြစ်သည့်အပြင် ဆက်လက်ဆောက်လုပ်ပေးနေဆဲလည်း ဖြစ်ကြောင်း။

ယင်းဒေသ၌ စီးပွားရေးလုပ်ငန်းအနေဖြင့် အဓိကလုပ်ငန်း (၃)ခုရှိကြောင်း၊ လယ်ယာလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် ဆားလုပ်ငန်းတို့ဖြစ်ကြောင်း၊ ယင်းလုပ်ငန်း(၃)ခုအနက် လယ်ယာလုပ်ငန်းသည် အချိန်နှင့်တစ်ပြေးညီလုပ်ကိုင်ရသည့်လုပ်ငန်း ဖြစ်သည့်အတွက် ဦးစားပေးပြီး စီမံဆောင်ရွက်ပေးခဲ့ရကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် လယ်မြေဧက ငါးသိန်းခန့်ထိခိုက်ပြီး ကျွဲ၊ နွား တစ်သိန်းသုံးသောင်းခန့် သေဆုံးခဲ့ကြောင်း၊ ထို့အပြင် လယ်လုပ်ကိရိယာထွန်စက်များအပါအဝင် ဆုံးရှုံးခဲ့သည့်အတွက် လယ်ယာလုပ်ငန်းအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် လက်တွန်းထွန်စက်များ၊ ကျွဲ၊ နွားများ၊ စက်သုံးဆီများနှင့် မျိုးစပါးများကို အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် အလုံးအရင်းဖြင့် ဖြည့်ဆည်းပေးခဲ့ရကြောင်း။

ယင်းကဲ့သို့ဖြည့်ဆည်းပေးရာတွင် လက်တွန်းထွန်စက်ပေါင်း ၈၅၃၆ စီး၊ ကျွဲ၊ နွား ၂၆၃၃ ကောင်၊ မျိုးစပါး တင်းပေါင်း ၁၇ သိန်းကျော်နှင့် စက်သုံးဆီအများအပြား ဖြည့်ဆည်းပေးခဲ့သည့်အတွက် ယခုအခါ မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ဧက ၉၀ ရာခိုင်နှုန်းကျော် ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဒုတိယစီးပွားရေးလုပ်ငန်းမှာ ငါးဖမ်းသည့်လုပ်ငန်း၊ ရေလုပ်ငန်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းက ပတ်ဝန်းကျင်ရှိ မြစ်များ၊ ချောင်းများနှင့် ပင်လယ်ပြင်၌ သား၊ ငါးသည် အသင့်ရှိနေကြောင်း၊ ငါးဖမ်းလှေနှင့် ငါးဖမ်းပိုက်သာပေးခဲ့လျှင် ချက်ချင်းယင်းလုပ်ငန်းကို လုပ်နိုင်ပြီး ဝင်ငွေချက်ချင်း ရမည့်လုပ်ငန်းဖြစ်ကြောင်း၊ ထို့ကြောင့် ငါးဖမ်းလှေနှင့် ငါးဖမ်းပိုက်တို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ ငါးဖမ်းလှေအစင်း ၉၅၀၀ နှင့် ငါးဖမ်းပိုက်မျိုးစုံ ၁၄၉၅၅ တို့ကို စီမံဖြည့်ဆည်းပေးနိုင်ခဲ့ပြီးဖြစ်၍ ရေလုပ်ငန်းသမားများလည်း လုပ်ငန်းခွင်ဝင်ရောက်နိုင်နေပြီဖြစ်ကြောင်း၊ သား၊ ငါး အထိ အမိကောင်းသည့်အတွက် ရေလုပ်ငန်းမှ ဝင်ငွေများလည်း ကောင်းနေကြကြောင်း။

တတိယစီးပွားရေးလုပ်ငန်းမှာ ယခု မိမိတို့ ညှိနှိုင်းဆွေးနွေးကြမည့် ဆားလုပ်ငန်းဖြစ်ကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းအတွင်း ဆားလုပ်ငန်း လုပ်ကိုင်ကြသည့် မြောင်းမြ၊လပွတ္တာ၊ ဖျာပုံ၊ ငပုတောမြို့နယ်များ၌ ဆားကျင်း ၂၃၄၅၈ ဧက၊ ဆားကြမ်း ၂၄၂၁၄ တန်ခန့်နှင့် ဆားလုပ်ငန်းသုံးပစ္စည်းလည်း ထိခိုက်ပျက်စီးခဲ့သည့်အပြင် ဆားလုပ်သားအများအပြားလည်း သေဆုံးခဲ့ကြောင်း။

လေဘေးသင့်၍ပျက်စီးသွားသော ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆားလုပ်ငန်းမှာ သဘာဝအနေအထားများကျန်ရှိနေပြီး အချိန်လည်း ရသေးသည့်အတွက် မိမိတို့ ချက်ချင်း မဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ဆားလယ်များ၌ "ခူအိုင်စပါး" စိုက်ပျိုးနိုင်ရန်အတွက်ကိုလည်း အချိန်မီ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ကြောင့် ယခု ခူအိုင်စပါး ၁၀၅၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ဆားလုပ်ငန်းအတွက် လုပ်ငန်းများ အဆင့်ဆင့်ရှိကြောင်း၊ ဥပမာအားဖြင့် ပထမဦးဆုံး ကွင်းပတ်တာများ ပြန်လည်ပြုပြင်ရမည်ဖြစ်ကြောင်း၊ ဆားကန်များ၊ ကန်သင်းများပြန်လုပ်ရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို အောက်တိုဘာလခန့်တွင် စတင်လုပ်ရမည်ဖြစ်သည့်အတွက် ဤလကုန်လျှင် လုပ်ငန်းစရတော့မည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများပြီးမှ ဆားကန်များအတွင်းသို့ ပင်လယ်ရေသွင်းခြင်း၊ နေလှန်းခြင်း၊ ဆားကျုံးခြင်း စသည့် လုပ်ငန်းများကို မိုးပြန်မကျမီ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယင်းလုပ်ငန်းများကို သူ့အပိုင်းအလိုက် အချိန်မီဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ငွေရေးကြေးရေးကိစ္စ၊ ထွန်စက်၊ ရေစုပ်စက်၊ စက်သုံးဆီ စသည်တို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လေဘေးသင့်၍ ပျက်စီးသွားသော ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က လေမုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းအတွင်း ပျက်စီးသွားသည့် ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှုအခြေအနေ၊ ကုန်းတွင်းဆားအပါအဝင် ဆားတန်ချိန်သုံးသိန်းထွက်ရှိရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်၊ ဝန်ကြီးဌာနများအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးရန် လိုအပ်ချက်များ၊ ဆားလုပ်ငန်းချေးငွေ ထုတ်ပေးခြင်းနှင့် ပြန်လည်ပေးဆပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဆားလုပ်ငန်းရှင်များအား စက်မှုလယ်ယာထုတ် ထွန်စက်များရောင်းချပေးမည့် အစီအစဉ်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက လယ်ထွန်စက်နှင့် ရေစုပ်စက်များ ရောင်းချပေးမည့် အစီအစဉ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက တာပေါ်လင်စနှင့် မိုးကာတဲများဖြည့်ဆည်းပေးမည့် အစီအစဉ်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ဆားလုပ်ငန်းအတွက် လိုအပ်မည့် စက်သုံးဆီဖြန့်ဖြူးပေးမည့် အခြေအနေများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့က မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဘဏ်တို့မှ ချေးငွေများ ထုတ်ချေးမည့် အစီအစဉ်များ၊ သစ်တောရေးရာ ဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ဆားလုပ်ငန်းအတွက် လိုအပ်သည့် သစ်နှင့် မျောတိုင်များ ထုတ်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဘဏ်လုပ်ငန်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ဘဏ်အလိုက် ဆားလုပ်ငန်းရှင်များအား ချေးငွေများထုတ်ချေးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆားလုပ်ငန်းရှင်များကိုယ်စား လပွတ္တာမြို့နယ် သဃ်န်းကုန်းကျေးရွာအုပ်စု ဆားတိုက်နယ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကြည်ဝင်းက ယခုကဲ့သို့ နိုင်ငံတော်က ဆားလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းကူညီဆောင်ရွက်ပေး၍ ကျေးဇူးတင်ရှိပါကြောင်းနှင့် လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို တင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲက လေဘေးသင့်ပြည်သူများ၏ လူနေမှုဘဝကို မူလအခြေအနေကထက် သာလွန်တိုးတက်ကောင်းမွန်စေချင်သည့် စေတနာဖြင့် စားရေး၊ နေရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက်ပါ လိုအပ်ချက်များကို ဂရုတစိုက် အလေးထား လမ်းညွှန်ပေးလျက်ရှိကြောင်း။

ပြည်သူများအပိုင်းကလည်း နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းဖော်ဆောင်ဖန်တီးပေးနေမှုများကို အားပြုပြီး မိမိတို့ဘဝသာလွန်တိုးတက် ကောင်းမွန်ရေးနှင့် နိုင်ငံတော်အကျိုးအတွက် ဝီရိယစိုက်ထုတ်ပြီး မိမိတို့လုပ်ငန်းများ အောင်မြင်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၉-၂၀၀၈ (ကြာသပတေးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"လိပ်လိုကျင့်ကာတရားရှာ" တရားတော် အရှင်သုဇာတ(ထန်းတပင်)
၈း၁၀ - ၂း၁၀	နိဗ္ဗာန်ဆီသို့. . . အမေးအဖြေများ
၈း၃၀ - ၂း၃၀	တေးဂီတအစီအစဉ်
၈း၃၅ - ၂း၃၅	ပြည်တွင်းအနုပညာရေးရာ
၉း၀၀ - ၃း၀၀	လူသားအားလုံးကျန်းမာရေး စဉ်ဆက်မပြတ်သွေးလှူပေး (ဒေါက်တာသီတာအောင်)
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀ - ၃း၃၀	လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ. . . မြန်မာ့ရိုးရာအနုပညာ (ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲဝင်လူငယ်များအဖွဲ့နှင့်တွေ့ဆုံခြင်း)
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅- ၃း၅၅	Mikko ၏တစ်သိန်းမှစ သိန်းပေါင်းများစွာပထမဦးဆုံး အကြိမ် ကံစမ်းမဲဖွင့်ပွဲမှ ကံထူးရှင်များနှင့် လျှပ်တစ်ပြက်တွေ့ဆုံခြင်း
၁၀း၁၀ - ၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅ - ၄း၁၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၀း၃၀-၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅ - ၄း၃၅	မနေ့းကာကွယ်သားအိမ်ခေါင်းကင်ဆာအန္တရာယ်
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာအိကျော်ဇင်နှင့်တွေ့ဆုံခြင်း)
၁၁း၄၀ - ၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	ဗုဒ္ဓအဘိဓမ္မာဆိုသည်မှာ
၁၂း၂၅ - ၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀ - ၆း၃၀	ဘဝများ (တေးသံရှင် Rဇာနည်ရဲ့ တေးသံရှင်ဘဝအကြောင်း)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စာပေဗိမာန်စာမူဆုရ စာအုပ်များဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန်စာမူ ဆုရစာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ (ယာပုံ)

အဆိုပါစာအုပ်များမှာ မောင်ခြိမ့် ရေးသားသည့် ရေမုဆိုးဝတ္ထုတိုများ စာအုပ်၊ ရဲဘော်မြသိန်း (ဟိုပုန်း) ရေးသားသည့် မြန်မာမနှင့် အခြားလူငယ်ဝတ္ထုတိုများစာအုပ်၊ တင်ထွန်းဦး (ယဉ်ကျေးမှု) ရေးသားသည့် မြန်မာ့အနုသဘင်နှင့် ဇာတ်ညွှန်းပညာ စာအုပ်၊ မောင်စိုးထိုက်(သုံးဆယ်) ရေးသားသည့် အစဉ်သတိအမြဲရှိ စာအုပ်၊ ရွှေနဂါးတင်ဝင်း ရေးသားသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဇီဝဓာတ်ငွေ့ နည်းပညာ စာအုပ်၊ မကျည်းတန်(လှိုင်ကော်) ရေးသားသည့် နရဏီကဗျာများ စာအုပ်၊ ဇေယျာဘုန်းမြင့် ရေးသားသည့် မေတ္တာလွှမ်းခြုံ ပန်းသင်းထုံ ကဗျာများ စာအုပ်တို့ဖြစ်သည်။





အဆိုပါစာအုပ်များကို နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❀ ကာကွယ်ရေးဝန်ကြီးဌာနမှ

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းဝင်း အတွင်းတစ်နေ့တန် ၂၀၀ကျ ဩဂဲနစ်သဘာဝ မြေဩဇာထုတ်လုပ်ရေးစက်ရုံ မြေနေရာ၌ဆီအုန်းပင်မှပိုလျှံအခက်အလက်များကို ကြိတ်ခွဲစက်ဖြင့် ကြိတ်ခွဲကာ ရောစပ်ပစ္စည်းများဖြင့်ရောစပ်၍ မြေဩဇာပြုလုပ်ပြီး အခြောက်လှန်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြကာ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ ဆီအုန်းစိုက်ပျိုးရေးခြံရှိ တစ်နာရီ ငါးတန်ကျဆီအုန်းဆီကြိမ်းစက်ရုံ၌ ကြိတ်ခွဲရန်စုပုံထားရှိသည့် ဆီသီးခိုင်များနှင့် ဆီသီးများ ကြိတ်ခွဲနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ခမောက်ကြီး-ကရသူရိလမ်းရှိ ယုဇနဆီအုန်းစိုက်ပျိုးရေး စီမံကိန်းစိုက်ခင်း၌ စိုက်ပျိုးထားရှိသည့် ဆီအုန်းပင်များကို ကြည့်ရှုစစ်ဆေးကာ ဗိုလ်ချုပ်သာအေးက ဆီအုန်းပင်ကို စိုက်ပျိုးပေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆီအုန်းပင်များကို သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုးပေးကြသည်။ ယုဇနကုမ္ပဏီလီမိတက် အနေဖြင့် ဆီအုန်းစိုက်ဧက နှစ်သိန်းကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ပိုကောင်းကုမ္ပဏီလီမိတက် ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း ဆီအုန်းစိုက်ခင်း၌ အသုံးပြုလျက်ရှိသည့် ဓာတ်မြေဩဇာများနှင့် ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် ကျောက်ထနောင်း နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိစစ်သည်များနှင့်မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများကိုပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၉၀)၌ နယ်မြေခံတပ်မှ တည်ဆောက်ထားသည့် အသေးစား ရေအားလျှပ်စစ်ထုတ်လုပ်ရေးစက်ကို ကြည့်ရှုစစ်ဆေးပြီး အဏ္ဏဝါထွန်းကုမ္ပဏီလီမိတက်၏ ချောင်းကဗျာစခန်း၌ ပြုစုပျိုးထောင်ထားရှိသည့် ခြောက်လအရွယ် ဆီအုန်းပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ကရသူရိမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နဝရတ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် ကရသူရိမြို့၁၆ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဦးစီးဌာနက ဆေးရုံအတွက် ပေးအပ်သည့် ဆေးဝါးများကို ညွှန်ကြားရေးမှူးဒေါက်တာစိုးတင့်က ပေးအပ်ရာ မြို့တာဝန်ခံ ဆရာဝန် ဒေါက်တာ ကျော်သီဟက လက်ခံသည်။

အဆိုပါ ဆေးရုံကို Ever Green ကုမ္ပဏီက ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် ဘုတ်ပြင်းမြို့ တောင်ဒဂုံကုမ္ပဏီလီမိတက် ဆီအုန်း စိုက်ပျိုးရေးစီမံကိန်း၌ ဆီအုန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဆီအုန်း ဆီကြိမ်းစက်ရုံအတွင်း ဆီသီးခိုင်များနှင့် ဆီသီးအစေ့များကြိတ်ခွဲနေမှုကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၉-၂၀၀၈
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၃၅ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၄၅ ၅။ အကပဒေသာ
၇း၅၅ ၆။ အတီးပြိုင်ပွဲ
၈း၀၀ ၇။ မြန်မာ့မီးရထားအားမာန်
၈း၁၅ ၈။ ၂၀၀၈ခုနှစ်(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေး၊ ခေတ်ဟောင်းတေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၂၀ ၃။ အဆိုပြိုင်ပွဲ
၄း၃၀ ၄။ လက်ဆင့်ကမ်းပေးဂီတတေး
၄း၄၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀ ၆။ တေးဂီတအစီအစဉ်
၅း၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အက
၅း၁၀ ၈။ **"အား---နာတယ်" (ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ရေႊမျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
၅း၂၅ ၉။ တေးဂီတအစီအစဉ်
၅း၃၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၅း၅၀ ၁၁။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေး၊ ခေတ်ဟောင်းတေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၄။ ရုပ်မြင်ရသတေးစုကဏ္ဍ
၆း၅၀ ၁၅။ ဘိုကလေး(ကြိမ်ချောင်း)၊ ကဒုံကနိလမ်းဖောက်လုပ်ရေး စီမံကိန်း
၇း၀၀ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မုန်တိုင်း" (အပိုင်း-၇)**
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၂၇)**
၂၁။ အစီအစဉ်ပြီး၏။

❍ ဗန်းမော်ဒေသမှ

သဘာဝ ရေခံ၊ မြေခံကောင်းသည့် ဗန်းမော်ဒေသသည် တောတောင်များ ပတ်လည်ဝန်းရံနေပြီး တစ်နှစ်ပတ်လုံး ရေမပြတ်ရရှိသည့်မြစ်ချောင်းများ တည်ရှိသောဒေသဖြစ်သည်။ ဒေသတွင်းရှိသဘာဝအရင်းအမြစ်မှ ထုတ်ယူရရှိမည့် လျှပ်စစ်စွမ်းအင်ကို အခြားဒေသများပါ ရရှိစေရန် ရည်ရွယ်ပြီး မိုးမောက်မြို့နယ် ကလုံခကျေးရွာအနီး တရုတ်နိုင်ငံမှမြစ်ဖျားခံလာသော တာပိန်မြစ်ပေါ်တွင် တာပိန် ရေအားလျှပ်စစ်စီမံကိန်းကို အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ CCPG ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း၍ ၂၀၀၇ခုနှစ် မတ်လမှစ၍ တည်ဆောက်လျက်ရှိသည်။

အဆိုပါ စီမံကိန်းတွင် စက်တပ်ဆင်အင်အားမဂ္ဂါဝပ် ၆၀ စီရှိ တာဘိုင်စက်လေးလုံး တပ်ဆင်လည်ပတ်မည်ဖြစ်ရာ ၂၀၀၉ ခုနှစ်တွင် စက်တစ်လုံးတပ်ဆင်ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် စက်အားလုံးတပ်ဆင်ပြီးစီးနိုင်ရန် မျှော်မှန်း၍ အားသွန် ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ဓာတ်အားလိုင်းများ သွယ်တန်းမှုအပါအဝင် လုပ်ငန်းအားလုံး ပြီးစီးရန် လျာထားကြောင်းလည်းသိရသည်။

တာပိန်ရေအားလျှပ်စစ်စီမံကိန်း တည်ရှိရာနေရာသည် ဗန်းမော်မြို့နှင့် မိုင် ၃၀ ခန့် ကွာဝေးပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် နယ်စပ်မှ နှစ်မိုင်ခန့်သာ အကွာအဝေးတွင် တည်ရှိသည်။ တာပိန်မြစ်သည် ကျောက်ဆောင်ကျောက်တုံးများကြားမှ စီးဆင်းလာသည့် မြစ်ရေဖြစ်သည့်အတွက် ရေစီးအားသန်ခြင်း၊ နုန်းအနည်အနှစ် နည်းပါးခြင်း၊ ရေအရင်းအမြစ်ကို ထိန်းသိမ်းထားနိုင်သော တောတောင်များ ထူထပ်စွာ ရှိ၍ ရာသီဥတု အေးချမ်းခြင်းကြောင့် လျှပ်စစ်ဓာတ်အား ထုတ်ယူရာတွင် အထူးသင့်လျော်သည့်အပြင် တာပိန်မြစ်အတွင်းသို့ စီးဝင်သည့် ချောင်းလက်တက်များသည်ပင် ရေစီးရေလာ ကောင်းမွန်ခြင်းတို့ကြောင့် ရေအားလျှပ်စစ် အသေးစားလေးများတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ကြောင်းသိရသည်။

တာပိန်ရေအားလျှပ်စစ်မှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားများကို ဗန်းမော် (သုံးမိုင်)တွင် လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ပြီး ခရိုင်အတွင်း မြို့နယ်အားလုံးနှင့် ကျေးရွာများပါမကျန် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်း ပြီးစီးပါက ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို ဗန်းမော်ဒေသတွင် ၂၄ နာရီ မပြတ်ရရှိလာမည်ဖြစ်ပြီး လက်ရှိသုံးစွဲလျက်ရှိသော ၁၅၂မိုင်ကျော် ရှည်လျားသည့် ကျောက်ပုထိုး ဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားနှင့်ပေါင်းစပ်ကာ လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဝေနိုင်မည်ဖြစ်သည်။

နယ်စပ် ဆိပ်ကမ်းမြို့ ဖြစ်သည့် ဗန်းမော်မြို့၏ ဖွံ့ဖြိုး တိုးတက်မှု အရှိန်အဟုန်သည် နိုင်ငံတော်က အကောင်အထည်ဖော်ပေးနေသော စီမံကိန်းများ၏ အကျိုးကျေးဇူးကြောင့် များမကြာမီ ကာလများတွင် ပိုမိုလင်းလက် ဝေဆာလာတော့မည် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။



ရေလွှဲဥမင်လိုဏ် အဝင်ဘက်ကိုတွေ့ရစဉ်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ကြီးမှူးကျင်းပမည့် "Earthquake, Wind and Flood Resistant Construction for Safer Homes, Schools and Hospitals" စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဗဟိုကော်မတီဝင်များက "Safer Construction","Natural Hazards of Myanmar", "Earthquakes and Myanmar", "Wind Resistant-Coastal Construction", "Earthquake, Wind and Flood Resistant Construction for Non-Engineered Building", "Earthquake Resistant Design", "Flood Resistant Design and Cyclone Shelter Design" စာတမ်းများကို စက်တင်ဘာ ၁၂ ရက် (သောကြာနေ့) နံနက်၉နာရီတွင် လှိုင်တက္ကသိုလ်(လှိုင်နယ်မြေ)ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ဖတ်ကြားမည်ဖြစ်၍ စိတ်ပါဝင်စားသူမည်သူမဆို ပါဝင်တက်ရောက်နိုင်သည်။

အဆိုပါအကြောင်းအရာနှင့် သက်ဆိုင်သော သင်တန်းများကို စက်တင်ဘာ ၁၃ ရက်နှင့် ၁၄ရက်များတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ပို့ချမည်ဖြစ်၍ စိတ်ပါဝင်စားသူများနှင့် တက်ရောက်လိုသော အင်ဂျင်နီယာများသည် စာတမ်းဖတ်ပွဲနေ့တွင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တက္ကသိုလ်များ လှိုင်နယ်မြေ၊ ရန်ကုန်မြို့၊ ဖုန်း-၅၁၉၆၇၃၇၆ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

၂၀၀၈ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ရန်ကုန်(အနောက်ပိုင်း)ခရိုင် လှိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်း၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ပန်းပန်းဖြိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအုပ်ဆရာ၊ဆရာမကြီးများ ဆရာ၊ဆရာမများ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ် ပညာရေးမှူးက စာတတ်မြောက်ရေးနှင့်ပတ်သက်သည့်အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ၌ ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများ ချီးမြှင့်ရာ ဆုရကျောင်းသူတစ်ဦးအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဆုချီးမြှင့်သည်။ **(အပေါ်ပုံ)**

(၅၄၃)

စကားလက်ဆောင် စာလက်ဆောင်စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၀

အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးလှကျော် (B.A,B.Ed, R.L) ရေးသားသော မျိုးဆက်သစ် ဆရာလောင်းများအတွက် စကားလက်ဆောင်၊ စာလက်ဆောင်စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ဝဲပုံ)**

ယင်းစာအုပ်တွင်ဆရာအောင်သင်း၏ အမှာစာနှင့်အတူ ဆရာနှင့်စာပေ၊ ဆရာနှင့် အပေါင်းအသင်း၊ ဆရာနှင့်ပညာခေတ်၊ စိတ်ချရမှု၊ ဆရာနှင့်စာရိတ္တစသည့် ခေါင်းစဉ်ဖြင့် စကားလက်ဆောင်၊ စာလက်ဆောင်အပုဒ်ပေါင်း ၄၃ပုဒ် ပါရှိသည်။

(သတင်းစဉ်)

✻ စကြဝဠာမှ

"မဟာပေါက်ကွဲမှုကြီး-Big Bang" မှ အစပြု၍ စကြဝဠာကြီးမွေးဖွား ဖြစ်တည်လာသည်ဟူသည့် အနုမာနယူဆချက်အရ ယင်းပေါက်ကွဲမှုကြီးဖြစ်ပေါ်ခဲ့ပြီးနောက် တစ်ခဏငယ်အချိန် အစိတ်အပိုင်းကလေးများအတွင်း ဆက်လက်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကိုပါ ပြန်လည်ဖန်တီးပြုလုပ်ပြီး လေ့လာရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရူပဗေဒပညာရှင်များက အဆိုပါယန္တရားကြီးကို ပြင်သစ်နှင့် ဆွစ်ဇာလန် နယ်ခြားဒေသတွင် နှစ်ပေါင်း၃၀ခန့်ကြာအောင် တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

၂၇ကီလိုမီတာ အလျားရှိစက်ဝန်းပုံ မြေအောက်ဥမင် ယန္တရားကြီးအတွင်း မျက်နှာချင်းဆိုင် အရပ်နှစ်ဖက်မှ ပရိုတွန်ခေါ် လျှပ်စစ်ဓာတ်ဖိုအမှုန်နှစ်ခုကို အလင်း၏ အလျင်နီးပါးအမြန်နှုန်းဖြင့်ပစ်လွှတ်တိုက်မိစေခဲ့ရာ ယင်းမြင်ကွင်းကို ထိန်းချုပ်ခန်းမအတွင်းရှိကွန်ပျူတာဖန်သားပြင်ပေါ်တွင် အဖြူရောင် အစက်နှစ်ခုအဖြစ် တွေ့ရှိရပြီးနောက် နာမည်ကျော် သိပ္ပံပညာရှင်များသည် ထိန်းချုပ်ခန်းမအတွင်း ပျော်ရွှင်စွာအောင်ပွဲခံခဲ့ကြသည်။

အဆိုပါ ယန္တရားကြီးအတွက် စတာလင်ပေါင်ငွေငါးဘီလီယံကုန်ကျခဲ့သည့်အပြင်ကုန်ကျငွေများသတ်မှတ်ချက်ထက် ကျော်လွန်ခဲ့ခြင်း၊ စက်ယန္တရားဆိုင်ရာ အခက်အခဲများနှင့် ဆောက်လုပ်ရေးဆိုင်ရာ ပြဿနာများစွာတို့ကို ရင်ဆိုင်ခဲ့ကြရသည်။

ဥရောပနျူကလီးယားသုတေသနအဖွဲ့က အဆိုပါ ယန္တရားကြီးကို တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်တာနက် သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အင်တာနက်။

ကမ္ဘာ့အကြီးဆုံး ဒြပ်မှုန်တိုက်ယန္တရား (The Large Hadron Collider) ကို ပြင်သစ်နှင့် ဆွစ်ဇာလန် နယ်ခြားဒေသ မြေအောက် တွင် တွေ့ရစဉ်။

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်ဝန်ကြီးများ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော်　　စက်တင်ဘာ　　၁၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် စက်တင်ဘာ ၆ ရက်တွင် မောင်တောမြို့ နယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးအသင်း၌ ကျင်းပသော တွေ့ဆုံပွဲသို့ တက်ရောက်ကြပြီး တိုင်းမှူးနှင့်ဝန်ကြီးများက အမှာစကားပြောကြားကြကာ စီးပွားရေး ကုန်သည်လုပ်ငန်းရှင်များ၏ နယ်စပ်သို့ ပို့ကုန်သွင်းကုန်လုပ်ငန်း အခြေအနေများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည်အမှတ်(၁)အဝင်၊ အထွက်စခန်း မောင်တောနယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုတံတားကိုလည်းကောင်း၊ ပြည်ပသို့ပို့မည့် ငါး၊ ပုစွန် ကုန်ဝယ်ဒိုင်ရှိ ပုစွန်များ ချိန်တွယ်စစ်ဆေးနေမှုကို လည်းကောင်း၊ ဆင်ဖြူတော် ရေခဲစက်နှင့် ရေသန့်စက်ရုံတို့၌ သောက်ရေသန့်များ၊ ရေခဲများထုတ်လုပ်နေမှု အခြေအနေတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားကြသည်။

ထောက်ပံ့ပစ္စည်းများ

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ) ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က အမှာစကားပြောကြားကြပြီး တိုင်းမှူးနှင့် ဝန်ကြီးများက ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများကို လူမှုရေးအသင်းအဖွဲ့များသို့ ပေးအပ်ကြသည်။

တိုင်းမှူးနှင့် ဝန်ကြီးများသည် စက်တင်ဘာ ၇ ရက်တွင် မောင်တော ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် မြို့နယ် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများအား ဆေးပစ္စည်း၊ အလှူငွေနှင့်ဂျာနယ်များကိုပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးများသည် ဘူးသီးတောင်မြို့သို့ ရောက်ရှိကြပြီး ဘူးသီးတောင်မြို့နယ်ခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားကြပြီး အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်ပညာရေးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့ထံ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဘူးသီးတောင်ဆိပ်ကမ်းသို့ ရောက်ရှိကြ၍ဘူးသီးတောင်ဆိပ်ကမ်းသို့ ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်နေမှုအခြေအနေ၊ ခရီးသည်များ လိုက်ပါစီးနင်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် ဘူးသီးတောင်ဆိပ်ကမ်းမှ မေခအမြန်ရေယာဉ်ဖြင့် စစ်တွေမြို့နယ် ပါဒလိတ်ကျေးရွာသို့ ရောက်ရှိကြပြီး ပါဒလိတ်ကျေးရွာ ပြည်သူများနှင့် တွေ့ဆုံကြကာ ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ပါဒလိတ်ကျေးရွာ ကျန်းမာရေးဌာနခွဲသို့ သွားရောက်ကြပြီး ကျေးလက်ဆေးပေးခန်းများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အမှာစကားပြောကြား

တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ညပိုင်းတွင် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများ အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ မောင်တော နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှုတံတားတွင် ပြည်ပသို့ပို့မည့် ငါး၊ ပုစွန် ကုန်ဝယ်ဒိုင်ရှိ ပုစွန်များအား ချိန်တွယ်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့အထိမ်းအမှတ် ဟောပြောဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန်　စက်တင်ဘာ　၁၀

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)က ကြီးမှူးကျင်းပသော ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့ အထိမ်းအမှတ် အထူးအစီအစဉ်အရ ရှေ့အလယ် သွားကျဲခြင်း၊ သွားဆရာဝန်များအတွက် လက်တွေ့ကုသရာတွင် တွေ့ကြုံရမည့်ပြဿနာများ (Symposium on Diastema-The Gap Which is Problematic for Dental Practitioners)ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို စက်တင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း ဘက်စုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် ပါမောက္ခဦးမျိုးဝင်းက ကလေးကျန်းမာရေးရှုထောင့်က လည်းကောင်း၊ ပါမောက္ခဦးကိုကိုမောင်က ခွဲစိတ်ကုပညာရှုထောင့်ကလည်းကောင်း၊ ပါမောက္ခဦးပွင့်ဖူးက သွားရောဂါကုသမှု ပညာရှုထောင့်ကလည်းကောင်း ဟောပြောကြမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ဆရာဝန်တိုင်း တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror　ပြည်တွင်းအားကစား

၂၀၀၈ခုနှစ် ပဉ္စမအကြိမ်မြောက် Japan Cup ဂျူဒိုပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၈ခုနှစ် ပဉ္စမအကြိမ်မြောက် Japan Cup ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Yasuaki Nogawa နှင့် သံရုံးမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်၊ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဂျူဒိုအားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Yasuaki Nogawa က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက အဖွင့်အမှာစကား ပြောကြားကာ၂၀၀၈ခုနှစ်ပဉ္စမအကြိမ်မြောက် Japan Cup ဂျူဒိုပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)**

ယင်းနောက် ၂၀၀၈ ခုနှစ် ပဉ္စမအကြိမ်မြောက် Japan Cup ဂျူဒိုပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးပေးသော ရန်ကုန်မြို့ရှိ Japanese Chamber of Commerce and Industry (JCCY) (YANGON) Vice President, Mr. Fumihiro Yano အား မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြသည်။ ထို့နောက် ဖွင့်ပွဲနေ့ ပြိုင်ပွဲပွဲစဉ်များကို စတင်ကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲ ၁၁၅ ပွဲ ကျင်းပပြီးစီးကြောင်းသိရသည်။(သတင်းစဉ်)

မြန်မာလိဂ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် ကမ္ဘောဇဘောလုံးအသင်းအား ဂုဏ်ပြု

ရန်ကုန် စက်တင်ဘာ ၁၀

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲခဲ့သော ကမ္ဘောဇ ဘောလုံးအသင်းအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ကမ္ဘောဇဘဏ်လီမိတက် (ရုံးချုပ်) ၌ ကျင်းပရာ ကမ္ဘောဇဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းနိုင်နှင့် တာဝန်ရှိသူများ၊ အောင်ပွဲရ ကမ္ဘောဇ ဘောလုံးအသင်း အတွင်းရေးမှူး ဦးမောင်မောင်လောက်၊ အုပ်ချုပ်သူ နည်းပြများနှင့် အားကစားသမားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ကိုယ်စား အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းနိုင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ယင်းနောက် ကမ္ဘောဇ ဘောလုံးအသင်း အတွင်းရေးမှူး ဦးမောင်မောင်လောက်နှင့် နည်းပြချုပ် ဦးသန်းထိုက်တို့က ဆွတ်ခူးရရှိခဲ့သောမြန်မာလိဂ် ဖွင့်ပွဲအထိမ်းအမှတ်ဖလားနှင့် ဆုကြေးငွေတို့ကို အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းနိုင်ထံ အပ်နှံကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌကိုယ်စား အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းနိုင်က အောင်ပွဲရ ကမ္ဘောဇဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေ ကျပ်သိန်း၁၀၀ကို ပေးအပ်ချီးမြှင့်ရာအသင်းခေါင်းဆောင် ဟန်ဝင်းအောင်နှင့် တိုက်စစ်မှူး စိုးမင်းဦးတို့က လက်ခံရယူကြသည်။ ထို့နောက် ကမ္ဘောဇဘဏ်လီမိတက် အတိုင်ပင်ခံပုဂ္ဂိုလ် ဦးသန်းလွင်က ကမ္ဘောဇဘောလုံးအသင်း အဆင့်မြင့်တန်းသို့ရောက်ရှိသည့် ၂၀၀၄-၂၀၀၅ ခုနှစ် မှစ၍ အသင်းအောင်မြင်မှုရရှိရန် အနီးကပ်ကြပ်မတ် ဆောင်ရွက်လျက်ရှိသော အတွင်းရေးမှူး ဦးမောင်မောင်လောက်အား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်သည်။ ယင်းနောက် အသင်းအုပ်ချုပ်သူ ဦးသီဟက ကျေးဇူးတင်စကားပြောကြားပြီး အသင်းအတွင်းရေးမှူးနှင့်အုပ်ချုပ်သူတို့က အောင်ပွဲရ ကမ္ဘောဇအသင်းမှ ကစားသမားများနှင့် နည်းပြဆရာများအား ဆုကြေးငွေများကိုတစ်ဦးချင်း ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ကြေးမုံ)

မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲဝင် မြန်မာလူငယ်ဘောလုံးအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (ကြေးမုံ)

မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲ မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရန် ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၀

ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိကျင်းပမည့် မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းခေါင်းဆောင်သည့် မြန်မာအားကစားအဖွဲ့များသည် ယမန်နေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစံထွန်းနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဇော်ဝင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် ဦးကျော်စိုးမိုး၊ ဆေးအဖွဲ့ဝင်များအဖြစ် ဒေါက်တာမြတ်ထွန်းဦး၊ ဦးပြည့်ဖြိုးအောင်၊ ဒေါ်ဝင့်သူဇာ၊ မြန်မာ ယူ-၁၈ ဘောလုံးအသင်းတွင် နည်းပြချုပ် ဦးခင်မောင်တင့်၊ လက်ထောက်နည်းပြ ဦးကျော်လွင်၊ အားကစားသမားများအဖြစ် ဂိုး- နေလှိုင်၊ အောင်ရဲသွေး၊ နောက်တန်း-ညဏ်လင်းထွန်း၊ နိုင်ဇင်၊ သန်းထွန်းအောင်၊ နိုင်လင်းထွန်း၊ ဇော်နိုင်ထွန်း၊ မင်းနောင်ဦး၊ အလယ်တန်း-ဒေးဗစ်ဒန်း၊ ဝင်းသူ၊ တင်ဝင်းအောင်၊ ကြည်လင်း၊ ကျော်ဇေယျာဝင်း၊ ဟိန်းဇာအောင်၊ မျိုးမင်းလတ်၊ ရှေ့တန်း-ကျော်ကျော်ခိုင်၊ တင်ဇော်မိုးနှင့် စိုးမင်းနိုင်၊ မြန်မာလူငယ် ဘော်လီဘောအသင်းတွင် အုပ်ချုပ်/နည်းပြအဖြစ် ဦးရဲမြင့်၊ နည်းပြအဖြစ် ဦးတင့်ဝေ၊ ဒိုင်လူကြီးအဖြစ် ဦးသက်နိုင်ဦး၊ အားကစားသမားများအဖြစ် ဝင်းထွန်းဦး၊ ရဲရင့်ထွန်း၊ နေလင်းအောင်၊ အောင်ကိုလတ်၊ ကျော်ကျော်ထွေး၊ ပိုင်သ၊ စအောင်ဇော်ဇော်၊ ချစ်ပိုပို၊ ဖြိုးဝေအောင်နှင့် အောင်မြတ်ထွန်း၊ မြန်မာလူငယ် ပြေးခုန်ပစ်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးခင်မောင်သန်း၊ နည်းပြများအဖြစ် ဦးကျော်ကျော်ဝင်းနှင့် ဒေါ်နုနုရီ၊ အားကစားသမားများအဖြစ် အောင်ဖြိုးကျော်၊ ထွန်းထွန်းလင်း၊ ရဲထူးဇင်၊ ဝေဖြိုးအောင်၊ စောစာကီ၊ နော်ကပေါဖော၊ ရေမိုးအောင်၊ ကြည်မင်းသိုး၊ အေးအေးသန်း၊ စုကြည်အောင်၊ ခင်ဖြိုးသက်၊ ဖြူဇင်ဦး၊ သန်းတိုးခင်မျိုးအောင်နှင့် သီတာဝင်းတို့ စုစုပေါင်း ၅၄ ဦး လိုက်ပါသွားကြသည်။

အဆိုပါပြိုင်ပွဲကို မဲခေါင်ဒေသနိုင်ငံများဖြစ်သည့် ထိုင်း၊ တရုတ်၊ မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပြေးခုန်ပစ်၊ ဘောလုံးနှင့် ဘော်လီဘော အားကစားနည်း သုံးမျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ (ကြေးမုံ)

မုတ်သုံလေ အားနည်းနေ

ရန်ကုန် စက်တင်ဘာ ၁၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကရင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ပူတာအိုမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ဂွမြို့နှင့် မော်လမြိုင်မြို့တို့တွင် ၁ဒသမ ၃၈ လက်မစီနှင့် မိတ္ထီလာမြို့တွင် ဝဒသမ ၉၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

၂၀၀၈ ခုနှစ် စက်တင်ဘာ ၁၁ ရက် ညနေထိ ခန့်မှန်းချက်

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၂ ဒသမ ဝ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်)	၉-၉-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၂ ဒသမ ဝ ဒီဂရီစင်တီဂရိတ် (၇၂ ဒီဂရီဖာရင်ဟိုက်)	၁၀-၉-၂၀၀၈
ဝ၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း	၁၀-၉-၂၀၀၈
နေပူသည့်နာရီပေါင်း ၅ဒသမ ၃နာရီခန့်	၉-၉-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၀-၉-၂၀၀၈	Tr	မရှိပါ	၂မမ(ဝဒသမ ဝ၈လက်မ)
၁-၁-၂၀၀၈မှ	၂၀၈၁ မမ	၂၃၅၈ မမ	၂၈၁၇ မမ
ယနေ့အထိ	(၈၁ဒသမ ၉၃လက်မ)	(၉၂ဒသမ ၈၃လက်မ)	(၁၁၀ဒသမ ၉၀လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၀-၉-၂၀၀၈ ရက် ဝ၉း၃၀ နာရီတွင် တောင်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၁၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၁၃)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ ဝင်းဝေနောင်၊ ရန်နိုင်ဦး၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ သက်ဦးနိုင်(မြဝတီ)၊ နွေသင်နိုင်၊ မောင်ယဉ်မှူး၊ ချမ်းမြဆောင်း(ကလော)၊ ဝင့်ဝါထွန်း(ဂန္ထဝင်ကုန်း)၊ ဇာနည်၊ ရွှေမြိုင်ပြုံးလဲ့မော်တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ ချစ်နိုင်(စိတ်ပညာ)၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ ဦးချိုဦး(ပထမရွှေကျင်)၊ ဆရာဦးမြင့်အေး၊ မွေးငယ်ငယ်၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ သုမောင်၊ မောင်နန္ဒာ(မန္တလေး)၊ စန္ဒကူး၊ သောကြာမောင်ကလေး၊ ခင်မောင်မြင့်(ရွှေဆယ်မြေ)၊ သာနိုင်အောင်(ကျိုက်မရော)၊ မောင်လွမ်းနွယ်(အောင်လံ)၊ နီငြိမ်း(အညာတက္ကသိုလ်)၊ မောင်နွယ်သန်း၊ နေမျိုးသန့်၊ မောင်ယဉ်ကျေး(တာချီလိတ်)၊ တက္ကသိုလ်စိုးယဉ်၊ ရွှေနဂါးတင်ဝင်း၊ ကိုထွန်းထွန်း(သာယာဝတီ)၊ မြင့်မြတ်သူ(မြောင်လမ်းခွဲ)၊ စစ်ကိုင်းစိမ်းစိမ်း၊ ဒေါက်တာလှဖေ၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ မောင်ခင်မင်(ဓနုဖြူ)၊ စေတနာလှိုင်(ရေစကြို)၊ ဒေါက်တာချိုချိုတင့်(မြန်မာစာ)၊ ထွန်းမြင့်(စွမ်းအင်)၊ ဇင်မင်း (သမိန်ထော)တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ စိုးဝေလွင်(တောင်သာ)၊ မိုးပွင့်အေး(မန္တလေး)၊ မော်ကျွန်း-ရဲခိုင်၊ ရဲရင့်သီဟတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ မောင်မောင်ညွှက်၊ စိုးစံ၊ မင်းဦး(ဒသဿန)၊ စောဟန်တို့၏ ကာတွန်းများနှင့် စာပေအလင်း၊ စာပေသတင်းကဏ္ဍ၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်၊ ဟာသ၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ မှတ်သားစရာသတ်ပုံကဗျာတို့ဖြင့် သုတ၊ ရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများ၌လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၀

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၆၉ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၉ စင်တီမီတာ (ခုနစ်လက်မခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁ နာရီခွဲ တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၈၂ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၂စင်တီမီတာ (ငါးလက်မခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

၂၀၀၈ ခုနှစ် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

၂၀၀၈ ခုနှစ် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၅ရက် ညနေ ၃ နာရီခွဲတွင် မြဝတီမြို့ အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များ၊ ပါဝင်ယှဉ်ပြိုင်မည့် ဘောလုံးအသင်း ၁၂ သင်းမှ ဘောလုံးသမားများနှင့် ပြည်သူများ တက်ရောက်အားပေးကြသည်။

သရေပွဲဖြစ်

ဖွင့်ပွဲတွင် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ရွှေကုက္ကိုလ်အသင်းနှင့် အမှတ်(၄)ရပ်ကွက် (ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြင်ပ၌ အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

ရန်ကုန် စက်တင်ဘာ ၁၀

ယနေ့ မြန်မာစံတော်ချိန် နံနက် ၉ နာရီ ၃၆ မိနစ်အချိန်တွင် ထားဝယ်မြို့ မြေငလျင်စခန်း၏ တောင်ဘက်မိုင် ၈၀၀ ခန့် ကွာဝေးသော (မြန်မာနိုင်ငံပြင်ပ) နေရာကို ဗဟိုပြုလျက် အင်အားရစ်ချ်တာစကေး ၅ဒသမ ၃အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ပဲခူးတိုင်းပြည့်စုံတာ့ ရေကြီးကြေငြာချက်

ပဲနွယ်ကုန်းမြို့အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၀

ပဲနွယ်ကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၆)ကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို အောက်တိုဘာ ၁၅ရက်(သီတင်းကျွတ်လပြည့်ကျော် ၁ရက်) မွန်းလွဲ ၁ နာရီတွင် ပဲနွယ်ကုန်းမြို့ အထက ခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဦးငွေးဝင်း ဖုန်း-၀၉-၅၁၁၈၁၉၄၊ ဒေါ်ခင်စန်းရီ ဖုန်း-၀၁-၂၂၃၉၀၄ (မင်္ဂလာဈေး)၊ ဦးသန်းထွန်း(ဂမုန်းပွင့်) ဖုန်း-၀၉-၅၁၇၅၅၁၀၊ ဦးရဲထွန်းနိုင် ဖုန်း-၀၉-၅၀၂၀ ၁၀၄၊ ဒေါက်တာသိန်းထွန်း ဖုန်း-၀၅၄-၅၅၀၃၅၊ ဦးနေဝင်း (ဇေယျာညွန့်)ဖုန်း-၀၅၄၅၅၂ ၅၁၊ ဦးမိုးကျော်စွာ(ဇောတိက) ဖုန်း- ၀၉၅၁၇၀၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အထက(၁)အင်းစိန် အာစရိယပူဇော်ပွဲ ညှိနှိုင်းဆွေးနွေးမည်

ရန်ကုန် စက်တင်ဘာ ၁၀

အထက(၁)အင်းစိန်အာစရိယပူဇော်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၄ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၁)အင်းစိန် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

တက္ကသိုလ်ဝင်တန်းအောင်ပြီးသူ
အင်ဂျင်နီယာပညာရပ်ကိုစိတ်ပါဝင်စားသူများအတွက်
အင်ဂျင်နီယာ ပညာရပ်များဆွေးနွေးဟောပြောပွဲ

- Electronic Engineering
- Graphic Design
- Multimedia Design
- Interior Design
- Business Infromation Technology

စသည့်ပညာရပ်များကို ကျွမ်းကျင်သူပညာရှင်များကဆွေးနွေးဟောပြောကြမည်၊

Date -13/15- 09-2008
Time - 10:00am -12:00 noon
Place- MIEC Convention Centre

တက်ရောက်လိုသူများကြိုတင်ဖုန်းဆက်၊ စာရင်းပေးသွင်းကြပါရန်။

MIEC . PMC Group
12-01 Olympic Tower, BoAung Kyaw St, tel: 392617,256602

Glory Hope Education Centre
20 % Discount Before 15 Sep

ENGLISH SPEAKING
အင်္ဂလိပ်စာကို အဆင့်မြင့်မြင့်တတ်မြောက်လိုသော ကျောင်းသား/သူများ အတွက်4 Skill (စွမ်းရည်မြင့်) သင်တန်းများ ပို့ချပေးလျက်ရှိပါသည်။အချိန်တိုတွင်းပြောထွက်နိုင်စေရန် Shortcut မှုများ ဖြင့် ထိထိမိမိ သင်ကြားပေးပါမည်။

CHINESE SPEAKING
တရုတ်စာကို အခြေခံမှစ၍ တတ်မြောက်သည်အထိ သင်ကြားပေးပါမည်။ နိုင်ငံတကာသုံး Phonetics (Pin Yin)ဖြင့် အသံထွက်အမှန်ကန်ဆုံးထွက်နိုင်စေရန် လေ့ကျင့်သင်ကြားပေးပါမည်။အတန်းတွင်းလေ့ကျင့်မှုများဖြင့် အချိန်တိုအတွင်း အထိရောက်ဆုံးသင်ကြားပေးပါမည်။

ချမ်းသာပလာဇာ(ဒုတိယထပ်)-ပုစွန်တောင်ဈေးနှင့် တတိုက်မှတ်တိုင်ကြား PH: 098553046 200086, 203436 Ext: 2206.2214

တစ်ခါတစ်ရံ အပေါင်းတွေကို ပုလင်းသစ်ထဲထည့်နေတာတွေ့ရ...
လာမကြီးရှက် နဲ့အတူ ခရီးသွားခြင်း
ထက်ကျော်

ဇော်သားဟန်
နှလုံးသားအကွာရာ
Live Show
ဒါရိုက်တာ K သောင်း
အသံသွင်း EMS
15.9.08 TAPE VCD KARAOKE ထွက်ပြီ

Myanmar World Distribution Co., Ltd.
Powering e-innovation

ipstar* Broadband Satellite

MPT Satellite Terminal System
Telephone 4 Lines ပါဝင်ပြီး မြန်မာနိုင်ငံတောတောင် ရေမြေမခြား မည်သည့်နေရာတွင်မဆိုတပ်ဆင်အသုံးပြုနိုင်သည့်အပြင် Internet နှင့် e-mail တို့ကိုတစ်ပြိုင်တည်း လျင်မြန်သောနှုန်းဖြင့် အသုံးပြုနိုင်သောစနစ်ဖြစ်ပါသည်။

စွမ်းဆောင်ရည်များ
- PABX စနစ်ဖြင့် တွဲဖက်အသုံးပြုနိုင်ခြင်း၊
- Cordless Phone နှင့်တွဲဖက်အသုံးပြုနိုင်ခြင်း၊
- Wireless Lan အသုံးပြုနိုင်ခြင်း၊ နေရာစုံမှ Site များအချင်းချင်း ဆက်သွယ်မှုအတွက် VPN (Virtual Private Network)ထူထောင်အသုံးပြုနိုင်ခြင်း၊
- မည်သည့်နေရာနှင့်မဆို VDC(Video Conferenceing)အသုံးပြုနိုင်ခြင်း။

အထူးအစီအစဉ် Avaliable NOW!! www.mwd.com.mm
အခမဲ့ တပ်ဆင်ပေးခြင်း၊ အရစ်ကျ ငွေပေးချေစနစ်၊ တစ်ပတ်အတွင်း သုံးစွဲနိုင်ခြင်း။

- No.159/161, Myanma Gone Yi Street, Mingalar Taung Nyunt Tsp., Yangon, Myanmar. Tel: 95-1-382982, 382983, 246440, 384090 Fax: 246440
- No.3/F, 34th St., Between (73th & 74th St.,), Chan Aye Thar San Tsp., Mandalay. Tel: 09-509 0199

မောင်ရေ
မောင့်အချစ်ကို မ ယုံဖို့အတွက်
ရောဝတီမြစ်ကြီး ကိုလည်း
လက်ပစ်ကူး မပြပါနဲ့
ရှမ်းရိုးမကြီး ကိုလည်း
ခက်ခက်ခဲခဲ ဖြတ်မပြပါနဲ့
ကောင်းကင်မှာရှိတဲ့ စုဝံကြယ်ကိုလည်း
တောင်ဘက်အရပ်ကို ရွှေ့မပြပါနဲ့
Jasmine Phyu ဆိုင်က
လက်ဝတ်ရတနာလေး တစ်ခုလောက်
မ ကို လက်ဆောင် ဝယ်ပေးမယ်ဆိုရင်
မောင့် အချစ်ကို
မ ယုံပါပြီ မောင်ရယ်
လက်ဆောင်လေး တစ်ခုလောက် ဝယ်ပေးနော်
နော်မောင်နော်

Jasmine Phyu
Gems & Jewellery Shop
No.56, Kabar Aye Pagoda Road, Yankin Township, Yangon, Myanmar.
Tel: 95-1-661762

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြန်မာနိုင်ငံတွင်လည်း
SUPERCOOL RETREAD TYRE
(တာယာအအေးပေါင်း)သုံးနိုင်ပြီ
- နိုင်ငံပေါင်း(၅၀)ကျော်တွင် အသုံးပြုကျော်ကြားနေသော SUPERCOOL TREAD ပန်းသားများအသုံးပြုထားသည်။
- SUPERCOOL TREAD ပန်းသားများကို အဆင့်မြင့်ဂျာမနီနည်းပညာဖြင့် မလေးရှားနိုင်ငံမှ ISO 9001နှင့်အညီထုတ်လုပ်ထားသည်။
- (Premium Quality Grade) ပထမတန်းစား SUPERCOOL RETREAD TYRE သုံးစွဲရာတွင် ပုံမှန်ကွန်ပေါင်းတာယာများထက် အပူချိန်မြင့်တက်လာမှု ၄၀% လျော့နည်းသောကြောင့် ရာသီမရွေးအသုံးပြုနိုင်ပြီး တာယာစားနှုန်းအထူးသက်သာပါသည်။
- အာမခံအပြည့်ပေးထားသောကြောင့် စိတ်အေးချမ်းစွာအသုံးပြုနိုင်ပါသည်။

အမြန်လိုသူများအတွက် တာယာအပ်ထည်များကို နေ့ချင်းပြီးဆောင်ရွက်ပေးနေပါသည်။

Ⓚ Kyi Brothers Industries Co.Ltd.
စက်ရုံ(၁၇၀)၊ ဦးတရုပ်ကြီးလမ်း၊ စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်။
098515101၊ 09 9923259၊ 095014573၊ 095014830၊ 728351၊ 685144၊
ဆိုင်(၈ျ/၁၉) ဘုရင့်နောင်ဈေးရှေ့ (ဘုရင့်နောင်ပွဲရုံလမ်းမတန်းထောင့်ဆုံးတိုက်) Ph:681794
ဦးတင်မောင်ဌေး 095009239 ကိုထွန်းထွန်း

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

စေတနာစာပေ
မင်းမြတ်သူရ
ဒုတိယအကြိမ်
လိုတရလက်ကိုင်

စီစဉ်သူ ... မောင်ကျော်လှိုင်
လွန်းထားထား
(ဆေးတက္ကသိုလ်)
ဓမ္မ

ဆုမြတ်မွန်မွန် ကျည်မှုမ်းမံသည်။
စေတနာစာပေ၏ စင်တင်ကလောင်သစ်
ရွှန်းရမီမိုး
လကၤာပျာအရောင်ရှင့်ပါမှ
ထွက်ပြီ

AMAZING PRICES! AMAZING QUALITY!

Eleven Exercise Books, Note Books & Paper Products

မူလတန်းမှသည် တက္ကသိုလ်ကျောင်းသားအထိ၊ ကျောင်းသားကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရုံးဝန်ထမ်းများ၊ လူကြီးလူငယ် အားလုံးသာမက သံဃာတော်များကိုပါ လှူဒါန်းနိုင်သော၊ အသုံးပြုနိုင်သော အရုံးဒီဇိုင်း ၄၀ ကျော် နိုင်ငံတကာ၌ အသုံးပြုသော 70GSM အထူရှိသည့် မင်မပေါက်သော စက္ကူကို အသုံးပြုထားသည့် နိုင်ငံတကာစံချိန်မီ Exercise Books ၊ Note Books များအား ဝယ်ယူနိုင်ပါပြီ။

PROMOTION AREA From 11-9-2008 to 24-9-2008 ရန်ကုန် Capital Hyper Mart ၊ Star Mart (မြေနီကုန်း) ၊ စိန်ဂေဟာ စူပါစင်တာ ၊ စာပေလောက (ဆူးလေဘုရားလမ်း) ၊ မျက်မှန်စာပေ (ဗိုလ်ချုပ်လမ်း)
မန္တလေး Blazon - လမ်း (၈၀) ၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြား မန်းမြန်မာပလာဇာ From 19-9-2008 to 2-10-2008 ရန်ကုန် Blazon ၊ Orange (သာသာ) ၊ Orange (အလုံ) ၊ Orange (ဝေဘယ္ယာ)

Wholesale & Retail Center

Eleven Group Trading Co., Ltd. အမှတ် (၂၂)၊ တောင်မြင့်ဖြိုးကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၅၂၇၃၄ ၊ ၇၀၆၅၁၀ ၊ ၀၉ ၈၀ ၂၂၈၄
အထက်မြန်မာပြည်ရုံးခွဲ အမှတ် (၉၂)၊ ၇၅ လမ်း၊ ၃၀×၃၁ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၂ ၅၁၃၉၀ ၊ ၀၉ ၂၀ ၂၃၄၃၄ ၊ ၀၉ ၂၀ ၂၉၈၈၃ ။
ကျော်ကျော်စာပေ - အမှတ် (၁၁)၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့။ ဖုန်း - ၀၅၇ ၂၃၀၄၀ ၊ ၀၅၇ ၂၁၈၁၃

Y.I.E.C (Grade - 1 P) မှ သားချစ်လေး
'မောင်ဇွဲခန့်ထွန်းလင်း' အတွက် မွေးနေ့ဆုတောင်း

- ➢ နေလိုလလို ထွန်းတောက်ဝင်း မောင်ဇွဲခန့်ထွန်းလင်း
- ➢ ရွှေလိုဝင်းတဲ့ ဓာနည်မော် ဖေ မေ့အချစ်တော်
- ➢ ကမ္ဘာကျော်မယ့် 'သားချော'လေး ဂုဏ်သတင်းကြူကြူမွှေး၊
- ➢ မွေးလမွေးရက်မင်္ဂလာ (၁၁)စက်တင်ဘာ၊
- ➢ ၂၀၀၈ မှာ (၄)နှစ်ပြည့် မိသားစုများ ရွှင်ကြည်မွေ့ 'ဇွဲခန့်ထွန်းလင်း'နေ့၊

နှစ်ပေါက်သောဘိုးဘိုးဘွားဘွားများနှင့်

ချစ်ဖေဖေ – ဦးထွန်းလင်းသောင်း
(M.D, Aung Thaung Co., Ltd. & Yangon Transformer Co., Ltd.)
ချစ်မေမေ – ဒေါ်ကေစိုင်ဦး
(Director, Aung Thaung Co., Ltd. & Yangon Transformer Co., Ltd.)
ချစ်ညီမလေး –ကြယ်စင်ထွန်းလင်း(သမီးချစ်)

အမည်ပြောင်းကြေညာခြင်း

အဖ ဦးတင်ထွန်း၏သား အထက (၄) တောင်ဥက္ကလာပ ဒသမတန်း (ခ)မှ မောင်မင်းသူထွန်းအား မောင်မင်းသူဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းသူ

အမည်ပြောင်းခြင်း

အဖ ဦးဝင်းအောင်၏ သမီး အထက(၃)မြောက်ဒဂုံ ဒသမတန်း (ဂ)မှ မနှင်းထက်ထက်အောင်အား ယနေ့မှစ၍ မခိုင်နှင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မခိုင်နှင်းထက်**

'BAND SCORE'- 7.5/8 များကို မွေးထုတ်ပေးလျက်ရှိသော –

The IELTS Specialists

English ကို ဖက်ရှင်အဖြစ် သင်ယူခြင်း မဟုတ်ဘဲ အမှန်တကယ်ထူးချွန်လိုသူများအတွက် Quality ၁၀ဦး ဝိုင်းများ

- * 4-Lg Skills & SPOKEN ENGLISH
- * Pre-IELTS [long term]/Exam-preparation

☎: 09-515 2065

၁၁၉/တ–ထပ်၊ဘုန်းကြီးလမ်း(စံပြရုပ်ရှင်ရုံအေား)၊ ရန်ကုန်

အောင်ချမ်းမြေ့
ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အမှတ်-၁၆၊ တတိယလွှာ(ပွင့်ရွှေလင်းတာယာနှင့် အလွိုင်းဗိုး ရောင်းဝယ်ရေးဆိုင် အပေါ်ဆုံးထပ်)
ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၅၃၄၇၃၃၊ ၅၃၄၈၈၃
Open (AM-7:00 to PM-9:00) ပိတ်ရက်မရှိပါ။

ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရှိ ဝါရင့် နာမည်ကြီး ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်(အငြိမ်းစား)များ ဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ် - မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့ သရုပ်ပြ သင်ကြားပေးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန် အဓိကသင်ကြားပေးသည်။ ကျွမ်းကျင်သောသူနာပြုအကူဖြစ်အောင် သင်ပေးသည်။ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရရှိရေး ကူညီမည်။ သင်တန်းဆင်းအောင်လက်မှတ်ထုတ်ပေးသည်။ သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိသည်။ လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင် စာရင်းသွင်းထားပါ။

စာရွက်စာတမ်း+ လက်တွေ့အပြီးအစီး { ပ-အရစ်၁၅၀၀၀ိ/- ဒု-အရစ် ၁၀၀၀၀ိ/- တ-အရစ်၁၀၀၀၀ိ/- } ၃၅၀၀၀ိ/- **တစ်ကြိမ်အပြီး- ၃၂၀၀၀ိ/-**

❖ **(၁)လပြတ်အထူးသင်တန်း**

အပတ်စဉ်(၅၅၈) ၁၇-၉-၂၀၀၈ စမည်။ တနင်္လာနေ့မှ သောကြာနေ့အထိ
Section(1) 08:00AM to 11:00 AM (16)ဦး
Section(2) 09:00AM to 12:00 PM (16)ဦး
Section(3) 01:30PM to 04:30 PM (16)ဦး

❖ **(၂)လပြတ်အထူးသင်တန်းများ**

အပတ်စဉ်(၅၅၉) ၁၈-၉-၂၀၀၈ စမည်။ ကြာသပတေးနှင့် သောကြာ
အပတ်စဉ်(၅၆၀) ၂၀-၉-၂၀၀၈ စမည်။ စနေနှင့် တနင်္ဂနွေ
အပတ်စဉ်(၅၆၁) ၂၂-၉-၂၀၀၈ စမည်။ တနင်္လာ နှင့် အင်္ဂါ
Section(1) 09:00AM to 12:30 PM (16)ဦး
Section(2) 01:30PM to 04:30PM (16)ဦး

❖ **(၃)လပြတ် အထူးသင်တန်းများ**

အပတ်စဉ်(၅၆၂) ၂၀-၉-၂၀၀၈ စမည်။ စနေနေ့တစ်ရက်တည်းသာ။
အပတ်စဉ်(၅၆၃) ၂၁-၉-၂၀၀၈ စမည်။ တနင်္ဂနွေ တစ်ရက်တည်းသာ။
Section(1) 08:00AM to 12:30PM (16)ဦး
Section(2) 01:30PM to 05:30PM (16)ဦး

❖ **(၂)ပတ်အပြီး ဝွတ်ရှယ်အထူးသင်တန်း**

အပတ်စဉ်(၅၆၄) ၂၂-၉-၂၀၀၈ စမည်။ တနင်္လာမှ သောကြာအထိ
09:00AM to 04:30PM (16)ဦး

❖ **(၁)လပြတ်(ညပိုင်းအထူးသင်တန်း)**

အပတ်စဉ်(၅၆၅) ၂၂-၉-၂၀၀၈ စမည်။ တနင်္လာနေ့မှ သောကြာ(နေ့စဉ်)
Section(1) 05:00PM to 07:00PM (16)ဦး
Section(2) 06:00PM to 08:00PM (16)ဦး

ဒေါက်တာမင်းတင်မွန်
ပါမောက္ခ၊ မဟာသဒ္ဒါဗေဒတိက္ကဓရ

ဝိသုဒ္ဓိမဂ္ဂ အလင်းပြ
နိဗ္ဗာန်လမ်းမကြီး

ဝိသုဒ္ဓိမဂ္ဂ စာမေးပွဲမေးခွန်းများနှင့် အဖြေများ၊ အပြည့်အစုံပါသည်
ဝိသုဒ္ဓိမဂ္ဂ စာမေးပွဲဖြေဆိုသူတို့၏ လက်စွဲ

၁၈၀၀ ကျပ်

ရာစုသစ်စာအုပ်အမှတ် – ၁၁

သစ္စာနီ ထွက်ပြီ

ပြောမဆုံးပေါင် တောသုံးတောင် နှင့် နှပ်ချေးခန်း

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် မောင်စန်းမြင့်ဦး(ဘ)ဦးရွှေလွန်း အသက်(၁၇)နှစ် ဇီးဖြူခေါင်းကျေးရွာ မြိုင်မြို့နယ်နေသူသည် ၂၆-၈-၂၀၀၈ ရက်တွင် မန္တလေးမှ ထွက်ခွာလာပြီး ရန်ကုန်ဘူတာကြီးတွင် အိမ်သို့ရောက်ရှိမလာဘဲ ပျောက်ဆုံးနေပါသဖြင့် အကြောင်းကြားပေးပါရန်။ တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ ဖြားယောင်း သွေးဆောင်ထားသူအား ဥပဒေအရ ထိရောက်စွာအရေးယူမည်။

ဆက်သွယ်ရန်လိပ်စာ-
ဦးလွှမ်းနိုင်မိုး
ဖုန်း-၅၅၉၄၃၃၊ ၅၅၅၁၅၅
၀၉-၅၁၅၅၅၈၇

အားကစားမှာ OK ချင်ရင် **OK!** ကို ဖတ်ကြည့်ပါ

ဘယ်ဂျာနယ်မှ မပါသေးတာ

OK! SPORTS JOURNAL
မှာ ဖတ်ရမယ်

ယနေ့ ထွက်ပြီ

ကျန်းမာခြင်းသည် အဓိကဖြစ်သည်

ပြည်ကျော်ဆေး
နှလုံးငြိမ်အိပ်ပျော်အားဆေး

နှလုံးရောဂါအမျိုးမျိုးတို့ကို သက်သာပျောက်ကင်းစေပြီး အိပ်ပျော်၍ စိတ်ရွှင်လန်းစေပါသည်။
အမြို့မြို့ ဆေးဆိုင်တိုင်းမှာ ရရှိနိုင်ပါသည်။
ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၁၂၀၇ Y ၀၇၂၈၇ တဆထလ-တိုး(၉၉၉)

ပြည်ပလုပ်ငန်းခွင်ဝင်မည့်သူများအတွက်

၁။ Welding (3G/4G) သင်တန်း
၂။ Pipe Fitter သင်တန်း
၃။ Steel Fitter သင်တန်း
၄။ Electrical သင်တန်း

- **Steel Fitter** သင်တန်းကို သင်တန်းကြေးသက်သာစွာဖြင့် သင်ကြားပေးမည်။ ** (ယခုလအတွင်း အင်တာဗျူးများရှိသည်။)**
- အင်တာဗျူးများအတွက် စာတွေ့၊ လက်တွေ့ အောင်မြင်သည်အထိ သင်ကြားပေးပါမည်။

ရွှေပြည်ငြိမ်းသင်တန်းကျောင်း
အမှတ်(၁၃၀)ပထမထပ်၊ကျိုက္ကဆံလမ်း၊တာမွေမြို့နယ်၊
အ. ထ. က(၄)တာမွေနှင့် မျက်နှာချင်းဆိုင်၊ရန်ကုန်မြို့။
ဖုန်း-၅၅၉၂၈၈၊ ၇၀၆၂၈၂ ၄၄၁၃၂၉၃၊ ၅၄၄၄၂၄။

ဥတုရာသီ တောကိုမှီ၍

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ မြယမုံကမ်းသာယာအိမ်ရာ၊ မြယမုံ(၂)လမ်း၊ အမှတ်(၆)နေ ဒေါ်ခင်မျိုးသက်[၁၂/လကန(နိုင်) ၁၂၀၃၅၀] **"လွှမ်းမိုးသူ -Bag Collection"**၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

YEARCON
LEATHER BAG

ဒေါ်ခင်မျိုးသက်သည် **YEARCON** အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်တွင် မှတ်ပုံတင်စာချုပ်အမှတ်- ၄/၄၆၇၂/၂၀၀၈ဖြင့် မိမိတစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ **YEARCON LEATHER BAG** တံဆိပ် အမည်အမှတ်အသားဖြင့် သားရေအစစ်၊ သားရေအတုဖြင့် ပြုလုပ်ထားသော အမျိုးသားနှင့် အမျိုးသမီးသုံး အိတ်အမျိုးမျိုး၊ ခရီးဆောင်အိတ်၊ ခရီးဆောင်သေတ္တာ၊ ရုံးသုံးလက်စွဲအိတ်၊ ပိုက်ဆံအိတ်၊ အိတ်နှင့်ဆက်စပ်သောပစ္စည်းအမျိုးမျိုး စသည်တို့ကို ပုံသဏ္ဍာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး ချုပ်လုပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

YEARCON အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သော အထက်ဖော်ပြပါ အိတ်အမျိုးမျိုးကို **လွှမ်းမိုးသူ–အိတ်ဆိုင်** များနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာအနောက်ဘက်၊ စံပယ်လမ်းနှင့် (၆)လမ်းထောင့်၊ အမှတ်(၁/၆)ရှိ HLWAN MOE KYAW Classic bag Wholesale Centre အရောင်းပြခန်းတွင် လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်း တစ်ခုခုကိုဖြစ်စေ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပပြုလုပ်၍ လည်းကောင်း၊ တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်ပြီး မှီငြမ်းတုပ၍လည်းကောင်း ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းတို့ မပြုလုပ်ကြပါရန် သတိပေးကြေညာအပ်ပါသည်။ ပြုလုပ်ခဲ့ပါက ပြုလုပ်သူအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးကျော်ဦး (LL.B) တရားရုံးချုပ်ရှေ့နေ
ဦးဆက်မင်းနောင် (LL.B) အထက်တန်းရှေ့နေ
အခန်း(၅)၊ အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၁၄၉၆၃၆၊ ၀၉- ၈၇၄၁၃၄၇

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ဆီအုန်းစိုက်ခင်းများ ဆီအုန်းဆီကြိတ်စက်ရုံများနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၀

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၄ရက် ညနေ ၅ နာရီခွဲတွင် ခမောက်ကြီးမြို့ ယုဇနကုမ္ပဏီလီမိတက် ဆီအုန်းစိုက်ပျိုးရေး ရှင်းလင်းဆောင်၌ တနင်္သာရီတိုင်းအတွင်း ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံသည်။

အခမ်းအနားတွင် ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ခမောက်ကြီး အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ထောက်ကူ ကွန်ပျူတာငါးလုံးနှင့်ပရင်တာတစ်စုံတို့ကို ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့်အဖွဲ့ဝင်များသည် စက်တင်ဘာ ၅ရက် နံနက်ပိုင်းတွင် ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစက်ရုံ ဆီသီးစုပုံနေရာ၌ ဆီသီးများအား ကြိတ်ခွဲရန်အတွက် ဇလားထဲသို့ သွန်ချနေမှု၊ ဆီသီးသွားလျှောက်လမ်းမှတစ်ဆင့် ဆီသီးများအား အပူပေးပေါင်းခံနေမှု၊ ဆီအုန်းဆီကြမ်းရရှိရန် ဆီသီးစေ့များအား ကြိတ်ခွဲနေမှု၊ မြေဩဇာပြုလုပ်ရန် ကြိတ်ဖတ်များ ထုပ်ပိုးထားရှိမှု၊ အုန်းဆံဖတ်များ စုပုံထားရှိမှု၊ နမူနာပြသထားရှိသည့် ဆီသီးအစေ့၊ ဆီသီးအစေ့အခွံ၊ ဆီသီးအဆန်၊ စားအုန်းဆီအကြမ်း၊ ပေါင်းခံပြီးဆီသီးခိုင်၊ လတ်ဆတ်ဆီသီးခိုင်၊ သန့်စင်ပြီး အနယ်အနှစ်များနှင့်ဆီသီးအဆန်ကြိတ်ဖတ်များ၊ အင်ဂျင်ထိန်းချုပ်ခန်း၊ ဆပ်ပြာကန်၊ စက်ရုံစက်ခေါင်းတိုင်နှင့်ဆီသန့်ကန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး ကော့သောင်းခရိုင်ရှိ အဏ္ဏဝါထွန်း ကုမ္ပဏီလီမိတက်၏ ချောင်းကဗျာစခန်း၌ ပြုစုပျိုးထောင်ထားရှိသည့် ခြောက်လအရွယ် ဆီအုန်းပင်များကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

ဗန်းမော်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ပိုမိုမြင့်မားလာစေမည့် တာပိန် ရေအားလျှပ်စစ်စီမံကိန်း

ရန်ကုန် စက်တင်ဘာ ၁၀

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
ကျော်ကျော်(ဗန်းမော်)

ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုရရှိသုံးစွဲနိုင်ရန် သဘာဝရေ အရင်းအမြစ်များကို ရယူဖော်ထုတ်၍ နိုင်ငံတော်က ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ အဆိုပါစီမံကိန်းများကို နိုင်ငံတစ်ဝန်း ဒေသအနှံ့၌ တွေ့မြင်နေရသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့

ကြေးမုံ The Mirror အင် တ ာ န က် သိ ပ္ပံ သ တ င် း

ကမ္ဘာပေါ်တွင် အားအကောင်းဆုံး ဒြပ်မှုန်အရှိန်မြှင့် စက်ယန္တရားကြီးကို တည်ဆောက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စကြဝဠာ၏ မူလအစကို သုတေသနပြုနိုင်မည့် ရောမစက်ယန္တရားကြီး စတင်စမ်းသပ်

ပါရီ စက်တင်ဘာ ၁၀

စကြဝဠာ၏ မူလအစနှင့်ပတ်သက်သော အခြေခံအကျဆုံးပုစ္ဆာအချို့ကို အဖြေရှာနိုင်ရန် ကြိုးပမ်းအားထုတ်မှုတစ်ရပ်ဖြစ်သည့် "ကမ္ဘာပေါ်တွင် အားအကောင်းဆုံး ဒြပ်မှုန်အရှိန်မြှင့် စက်ယန္တရားကြီး"ကို သိပ္ပံပညာရှင်များက ယနေ့နံနက်ပိုင်းတွင် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးလိုက်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့